ဝန်ရင်း
Read on the move

# ကြည်နိုင်

ပင်ကိုယ်ရေးရသစာတမ်းများ

# နာရီခွဲသူများ

# အက်ဆေးနှင့် ကျွန်တော်

အက်ဆေးကို ဆရာတို့ အနက်အဓိပ္ပာယ်အမျိုး မျိုး ကြံဆခဲ့ကြဖူးပါသည်။ စာမွန်၊ အစမ်းစာ၊ စာတန်း၊ ရသစာ တမ်းငယ်၊ စာတန်းငယ် စသည်ဖြင့် သုံးနှုန်းခဲ့ကြပေပြီ။

အက်ဆေးအကြောင်းကို စဉ်းစားမိလိုက်တိုင်း စိတ္တကျော်သူ ဦးသြကို သတိရမိ၏ ။ သတိရပုံမှာ ဆရာတိုက်စိုး၏ "တိုက်စိုးစာ တို့နံ့နံ့" စာအုပ်ကလေးကို ဖတ်မိရာမှ ထိုစာအုပ်ကလေး၏ အညွှန်းအ ဖြစ် ဦးသြ၏ ကဗျာကလေးတစ်ပိုဒ်ကို အဖွင့်တွင် တင်ဆက်ထားသည်။

ပြည်ရွာမင်းရေး

မှု ရှုပ်ထွေးလည်း

ဆေးတစ်ဆိုးကျွမ်း

ကွမ်းတစ်ရာညက်

စိတ်စက်ပျော်ပိုက်

လစ်လပ်ခိုက်တွင်

နှစ် ခြိုက်သာယာ

စီကုံးပါသည် ...... တဲ့။

ဆရာတိုက်စိုး၏ စိတ်ကူးတည့်ပုံကလေးကို သဘောကျမိသည်။ မှန်ပါသည်။ စာပေအနုပညာသာမက မည် သည့် အနုပညာမှု ကိုမဆို စိက်စက်ပျော်ခိုက်တွင် နှစ် ခြို က်သာယာ ဖန်တီးနိုင်ပေမည် ။

စိတ်ဓာတ် အေးဆေးတည်ငြိမ်မှု ၊ ခံစားမှု ဝိထိကျမှ အနုပညာ စိတ်ကူးနိုင်ပေလိမ့်မည် ။

ဦးသြ၏ ခံစားမှု သည် ကျွန်တော် တို့ကို ရိုက်ခတ်နေပါ၏ ။ သို့သော် ဦးသြ၏ ခေတ်နှင့် ကျွန်တော် တို့ခေတ်ကား ကွာလှမ်းလှပါဘိ။

စိတ်စက်ပျော်ပိုက်

......................

လစ်လပ်ခိုက် ..... ဟု ဦးသြဆိုခဲ့သည်။ အားကျလိုက်ပါဘိ။ ဦးသြသည် စာပေသတ်ထုံး အတွက်လည်း အကျိုး ရှိ၊ မှတ်သားစရာ ဗဟုသုတလည်း ဖြစ်ထွန်းနိုင်သော "ကဝိလက္ခဏာသတ်ပုံ" ကို ဦးသြ ပြုစုနိုင်ခဲ့သည်။

သတ်ထုံး စပ်ထုံးများ နှင့် ပိတ်သက်၍ ကား ပညာရှိတို့ အငြင်းပွားကြဆဲ။

ကျွန်တော် တို့ကား ပညာရှိမဟုတ်သဖြင့် သတ်ထုံးစပ်ထုံးနှင့် ပတ်သက် ၍ အငြင်းမပွားချင်။

သို့သော် ကျွန်တော် တို့မှာ စာပေပြဿနာများ မရှိမဟုတ်၊ ရှိနေသည်။ ခေတ်ပြိုင်ခံစားမှု ပြဿနာများ ရှိနေသည်။ အကြောင်းအရာနှင့် ပုံသဏ္ဍာန်ကဲ့သို့သော အတတ်ပညာပြဿနာများ သာမက၊ ရပ်တည်ချက်ပြဿနာ၊ သဘောထားပြဿနာ၊ ပုံနှိပ်ရေး မြှင့်တင်ရေး ပြဿနာစသော ထုံးတည်းနည်းနာအဘိဓမ္မာဆိုင်ရာ ပြဿနာများ ရှိနေသည်။ အတ္တဝိညာဉ်နှင့် ခေတ်ပြိုင်ခံစားမှု ပြဿနာများ ရှိနေသည်။

အက်ဆေးဆိုသည့် စာပေပုံသဏ္ဍာန်နှင့် ပတ်သက်၍ ဆရာတို့ အဆိုအမိန့်များ အမျိုး မျိုး ရှိခဲ့ကြပြီ။

ဆရာတိုက်စိုး က အက်ဆေးကို နှစ် ဦးချင်း စကားလက်ဆုံကျသကဲ့သို့ ပြောရမတဲ့။ လက်ဆုံစကားပြောကြားမည့် ထိုအဖော်ကား မည် ကဲ့သို့သော အဖော်နည်း။ မိမိပြောချင်ရာ ပြောနေသည်ကို အစဉ်သဖြင့် သည်းခံနားထောင်နိုင်ပါမလား။ ကိုယ့်အကြောင်းချည်း ဖြစ်နေလျှင် အားနာစရာ ဖြစ်လိမ့်မည် ။ သူ့အကြောင်းကိုလည်း စာနာရလိမ့်မည် ။ ကိုယ့်ခံစားချက်သည် သူ့ခံစားချက်နှင့် တတ်နိုင်သမျှ ထပ်တူထမ်မျှ၊

သို့မဟုတ် အနီးဆုံး ဖြစ်နိုင်မှ တော် လိမ့်မည် ။

ထိုပြဿ နာကို အဖြေရှာကြည့်သော အခါ "ခေတ်ပြိုင်ခံစားမှု "ကို တွေ့ရှိရပေသည်။ ခေတ်ပြိုင်ခံစားမှု ကို ကဗျာနှင့် ဖွဲ့၍ မရသလော။ ရပါသည်။ ဝတ္ထုနှင့် မရသလော။ ရပါသည်။ သို့ သော် ကဗျာတွင် ကဗျာ၏ ကနဲ့သတ်မှု ဘောင်တို့စည်းတို့ ရှိနေကြပါ၏ ။

အက်ဆေး၌ စည်းဘောင် မရှိသလော။ ရှိပါသည်။ သို့ သော် အက်ဆေးတွင် အလွန်သိမ်မွေ့သော စည်းရှိသည်ဟု ဆိုချင်ပါသည်။ အခြားစာပေ ပုံသဏ္ဌာန်များ နှင့် မတူသော အပြန့်အကျယ် အနက်အရှိုင်းတို့ ရှိနေသည်ဟု ထင်ပါသည်။ သိုသိပ်မှု ရှိသကဲ့သို့ ကြွယ်ဝမှု လည်း ရှိနေသည်ဟု ထင်ပါသည်။ ကဗျာ၏ ခံစားမှု ရသမျိုး ၊ ဝတ္ထုတို၏ ရသမျိုး တို့လည်း အက်ဆေးကောင်းတို့တွင် လေးငြိမ့်သည့်ရစ်သမ်တို့ အက်ဆေးတို့ တွင် ရှိသည်ဟု ထင်ပါသည်။

ဤနေရာတွင် ကျွန်တော် ၏ ဖတ်ဖူး၊ မှတ်ဖူး၊ ကြားဖူး နား၀ သုတ ကိုသာမက ရေး သားမှု အတွေ့ အကြုံ"မှတ" ကိုလည်း တင်ပြချင်ပါသည်။

စာပေသမားအတော် များများ ၏ အတွေ့အကြုံအတိုင်းပင် ကျွန်တော် လည်း စာပေတိုထွာ ကလေးများ ဖြင့် ကျွန်တော် ၏ စာပေဝါသနာကို စ ခဲ့ပါသည်။ လူငယ်သဘာ၀ ခံစားချက်ကလေးများ ကို ကဗျာဖွဲ့ ခဲ့သည်။

ခရီးကြားမှာ

အပြန်အသွား၊

မထားခဲ့ချင်၊ မနားခဲ့ချင်ပါ

အားအင်သစ်လွှမ်း၊ ရှေ့ကိုလှမ်းစို့

လက်ကမ်းနေရဲ့ ၊ စောင့်နေရဲ့ ကွယ်

ညှော့သည်မလုပ်နဲ့တော့လေ။

ဆောင်းချမ်းကာလ နှင်းစိုနေသည့် မြက်ပင်ကလေးများ ကို ငိုနေသည့်မြက်ကလေးများ ဟု မြင်ခဲ့သည်။

ထိုမှ ရှယ်ဘဝ ကျော်ဖြတ်၊ အိမ်ထောင်သည် ဘဝ တက်လှမ်း၊ ဘဝနှင့် နဖူးတွေ့ ဒူးတွေ့ တွေ့ကြုံလာရသည့်အခါ ရှယ်ဘဝဆွတ်ပျံ့ဖွယ် ခံစားချက်ကလေးများ ပျောက်ခဲ့ရသည်။ ပျောက်သွားသည့်ကာရန်၊ ချိုမြသည့်အသံတို့ကို ရှာဖွေရင်း မောဟိုက်ကာ စကားပြေဘက် လှည့်မိတော့သည်။ "စကားပြေသည် စာပေအသက်" ဟု ဆရာတို့ အဆိုအမိန့်နှင့် ထိတွေ့ရတော့သည်။

ဘဝခံစားချက် ဝတ္ထုတိုကလေးများ အ ဖြစ် ပုံဖော် ဖြစ်ခဲ့သည်။ အမှု ထမ်းဘဝ၊ စာအုပ်သည်ဘဝ၊ မုန့်ပိုသမား ဘဝစသည်ဖြင့် အတွေ့အကြုံအ ဖြစ်အပျက် သဘာဝအကနဲ့ ကလေးများ ကို သရုပ်ဖော်ကြည့်မိခဲ့သည်။ ဘဝအ ဖြစ်အပျက်ကို တင်ပြရင်း ဘဝခံစားမှု ကို ပုံဖော်ရင်း ဘဝအဓိပ္ပာယ်ကို ရှာဖွေကြည့်မိတော့သည်။ ဤသည်ပင် "ဝတ္ထုတို " မှ "အက်ဆေး" သို့ "အကူး" ဖြစ်မည် ထင်သည်။

ဇာတ်ကောင်၊ ဇာတ်လမ်း၊ ခင်း-ခက်-ဖြေ၊ အားပြိုင်မှု စသည့် ဝတ္ထုတို၏ အဌာရသ ဘောင်စည်းများ ကို ကျော်လွှားချင်လာသည်။ ဇာတ်ကောင်စရိုက်ပီအောင် ဖော်နိုင်ဖို့ ကြိုး စားရင်း ဘဝဝဲဂယက်ထဲ တိုးဝင်ကြည့်မိသည်။ လူ့ သဘာဝ၊ လူတန်းစားသဘာဝ၊ စရိုက်ဓလေ့ကို စူးစမ်းလာမိသည်။ ခံစားမှု သဘာဝ၏ သိမ့်မွေ့မှု ကို စူးစမ်းလာမိသည်။ အနုပညာကို နက်ရှိုင်းစွာ ဆန်းစစ်ကြည့်ချင်လာသည်။ အနုပညာမှု ၏ အရင်းအမြစ်ကို နှိုက်ရင်း၊ "သဘာဝ ဓမ္မ" ကို စိတ်ဝင်စားလာမိသည်။ သဘာဝနှင့် ခံစားမှုတို့ ဘယ်ပုံ ဆက်စပ်နေသနည်း။ စူးစမ်းလာကာ ခံစားမှု ကို အနက်အရှိုင်း အသိမ်အမွေ့ ဖော်ပြချင်လာသည်။ ဇာတ်လမ်းအချိတ်အဆက် လုပ်မနေချင်တော့။ "အဆာ" ဆိုသည်ကို လုပ်မနေချင်တော့။ မိမိရေး ခဲ့သည့် ဝတ္ထုတိုကလေးများ ကို ဆန်းစစ်ကြည့်မိသည့်အခါ "ဗေထိသံ"၊"လရောင် "၊"လှိုင်း" စသည့် ဝတ္ထုတိုကလေးများ တွင် ထို "အကူး" ကို ပြန်မြင်ရလေသည်။

ဆောင်းကုန်ပြီဟု ဆိုမည် ဆိုက ဆိုနိုင်ပါသော်လည်း နွေဟုလည်း

မပီတတ်သေး။ နင်းကြွေကလေးတို့ အုံ့ပုံနေဆဲပင် ရှိကြပါသေး၏ ... ဆိုသည့် ဆရာသန်းဆွေ၏ "နင်းကြွင်းအုံ့ပျ" ဝတ္ထုကို သတိရမိသေးတော့သည်။

အုံ့ပျနေသော ဘဝခံစားမှု ကလေးများ ဖြင့် လူ့ဘဝ၏ အနာဂတ်ကို မျှော်ကြည့်မိသည်။ ကိုယ်ရေး ဘဝ ခံစားချက်ကလေးများ မှနေ၍ လောကပြန့်ကျယ်ထိ လျှောက်ကြည့်မိသည်။ မိမိ၏ ခံစားချက်နှင့် ယုံကြည်ချက်ကို ပေါင်းကူးတံတား ထိုးကြည့်မိသည်။

ကဗျာအာလယ၊ ဝတ္ထုတိုကိုယ်ခံအပေါ်တွင် အတွေးအငေး ပင်ကိုစရိုက် ထပ်လောင်းလိုက် သော အခါ "အက်ဆေး" ဟု ဖြစ်ပေါ်လာသလာဟု မိမိကိုယ်ကို စူးစမ်းကြည့်မိသည်။

အက်ဆေးထဲတွင် ကဗျာရသသည် လည်ကောင်း၊ ဝတ္ထုတိုရသသည် လည်ကောင်း၊ ကြွယ်ဝစွာ ပါဝင်သည်ဟု ယုံကြည်မိသည်။

ထိုကြိုး ပမ်းမှု ခရီးတွင် အခက်အခဲများ ကြုံရသည်လည်း ရှိပါ၏ ။ "အကိုးအဟန့်" ပြဿ နာပင် ဖြစ်ပါသည်။ မိမိ၏ ခံားမှု အား အထိရောက်ဆုံး ဖော်ပြချင်သည့်အခါ ဖတ်ဖူး၊ မှတ်ဖူးသော "စာခံ" ကလေးများ ခေါင်းထဲပေါ်လာသည်။

ငါ့ဘဝကို ကျူရိုးပလွေကဲ့သို့ ရိုးရိုးနှင့် ဖြောင့်ဖြောင့် ဖြစ်စေပြီး၊ အသင့်အား ဂီတဖြင့် ဖြည့်စွမ်းပေးနိုင်ခွင့်ကိုသာ ငါ့အား သနားပါ။

စာဆိုတော် ကြီး တဂိုး၏ မုဒိတာစိတ်ကလေးကို သဘောကျ၍ မိမိ၏ ခံစားမှု အား ပံ့ဖော်ရန် ကိုးကားမိသည်။ ထိုသို့ ကိုးကားရာတွင် မူရင်းရေး သူအပေါ် သစ္စာစောင့်သိသော အားဖြင့် လည်းကောင်း၊ ထို ထိမိသော စာပိုဒ်ကလေးဘယ်က ရသည်။ ဘယ်သူရေး သည်ကို သိပါစေရန် စေဒနာဖြင့် လည်းကောင်း၊ ထိုစာပိုဒ်အောက်က ရေး သူ၊ စာအုပ်ကောက်နုတ်ချက်စသဖြင့် ဖော်ပြလိုက်သော အခါ ခံစားမှု အရှိန်ဖြင့် စီးမျောလာသော စာဖတ်သူအား ထိုအချက်များ က ကန့်သင်းသဖွယ် တန့်ရပ်စေရန်၊ ဆီး၍ ဟန့်ထားသလို ဖြစ်ရတော့သည်။

သုတေသနနှင့် ခံစားမှု သည် ပဋိပက္ခ ဖြစ်ရတော့သည်။ မိမိကိုးစားသော ဆရာသည် "အဟန့်" ဖြစ်သွားရတော့သည်။ ထို ပဋိပက္ခအား အက်ဆေးရေး သူ ကြိုး စားဖြေရှင်း၍ ပြေပြစ်ရန် ကြိုး စားရပေလိမ့်မည် ။ တစ်ခါတစ်ရံ အက်ဆေးရေး သူသည် မိမိကိုယ်ကို အထင်ကြီးနေတတ်၏ ။ ဝေဖန်ရေး ဆရာကဲ့သို့လည်းကောင်း၊ တွေ းခေါ်ရှင်ကဲ့သို့ လည်းကောင်း ထင်နေတတ်ပြန်သည်။ ခံစားမှု ကို အရိုးသားဆုံး အနက်ရှိုင်းဆုံး ကြိုး ပမ်းနေချိန်တွင် တော့ ထိုအထင်များ ပျောက်ကွယ်နေမည် ထင်ပါ၏ ။

မည် သို့ ဖြစ်စေ၊ မိမိကိုယ်ကို အထင်ကြီးမှု သည် ဆုံးရှုံးခြင်း၏ လမ်းစဟု ဆရာတို့ဆုံးမစကား ကို သတိရမိပါ၏ ။ ကြိုး စားခြင်းသာ မိမိတာဝန်ဟု မှတ်ပိုက်လိုက်ပါ၏ ။ အနုပညာမှု ကို ဖန်တီးနိုင်ရန်ကား မကြိုး ပမ်း၍ မရ။ ဖြတ်လမ်းမရှိ။ ခရီးရှည်ကို လျှောက်ရပေလိမ့်မည် ။

မိမိခံစားချက်ကို အနုပညာမြောက်စွာ ပုံဖော်ရန်၊ ယုံကြည်ချက် မျှော်မှန်းချက်သို့ ဦးတည်နိုင်ရန်ကား ပို၍ ပင် ကြိုး ပမ်းရပေလိမ့်မည် ။

အနုပညာမှု ကို ဖန်တီးနိုင်ရန်ကား ဝီထိကျဖို့ လိုပေသည်။ ထို့ကြောင့် ပင် ကျွန်တော် တို့သည် စိန္တကျော်သူဦးဩ၏ စိတ်စက်ပျော်ပိုက် လစ်လပ်ခိုက် ကလေးကို အားကျမိခြင်း ဖြစ်သည်။

ပြည်ရွာမင်းရေး
မှု ရှုပ်ထွေးလည်း
ကွမ်းတစ်ရာညက်
စိတ်စက်ပျော်ပိုက်
လစ်လပ်ခိုက်တွင်
နှစ် ခြိုက်သာယာ
စီကုံးပါသည် ......။

ဩဝါဒထူးပို့ နိဂုံးတွင် ဦးဩထိုစာပိုဒ်ကလေးကို ထည့်သွင်းခဲ့သည် ဦးဩ၏ လစ်လပ်ခိုက်ကလေးကို အားကျမိသော်လည်း ဦးဩ၏ ခေတ်နှင့် ကျွန်တော် တို့ခေတ်ကား ကွာလှမ်းခဲ့ပြီ။

ဦးဩ၏ ခေတ်ကား အင်းဝ အပျက်၊ ကုန်းဘောင်အထ စစ်ကြီးကာလအတွင်း ဖြစ်၏ ။ အလောင်းမင်းတရားနတ်ရွာစံ၍ သားတော် ဒီပဲရင်းမြို့ စား ထီးမွေနန်းမွေ ဆက်ခံခြင်းသည် ပြဿ နာမပေါ်သော်လည်း ဒုတိယသားတော် မြေဒူးမင်းသီရိ ဓမ္မရာဇာနှင့် မင်းတရားကြီး၏ ရဲဖော်ကျွန်စစ်ဘုရင် မဟာမင်းခေါင်နော်ရထာတို့ မပြေမလည် ဖြစ်လာကြသည်။ တစ်ဦးဩဇာ တစ်ဦး မခံ။ အယုဒ္ဓယမှအပြန် မင်းခေါင်နော်ရထာကား ရတနာသိင်္ဃသို့ မလိုက်တော့ဘဲ အင်းဝတွင် အခိုင်အပြီး တပ်စွဲနေတော့သည်။ ဤသို့ ဘုရင်ဆုံးပြီး၍ ရက်ပိုင်းသာ ရှိသေးသော အချိန်တွင် ပြည်ရွာမင်းအရေး မှာ လှုပ်လှုပ်ရွရွ ဖြစ်လာပြန်သည်။ ယင်းသို့သော ခေတ်ကာလ အခြေအနေတွင် ဦးဩသည် ဩဝဒထူးပို့ ကို စီးကုံးရေး သားခဲ့ခြင်း ဖြစ်သည်။

ဦးဩ၏ ခေတ်တို့ကို ငဲ့မျှော်ကြည့်မိရင်း ဦးဩ၏ ဆေးတစ်အိုးကျွမ်း ၊ ကွမ်းတစ်ရာညက်၊ စိတ်စက်ပျော်ပိုက်၊ လစ်လပ်ခိုက်ကလေးကို အားကျရင်း အသံတစ်သံ ကြားလာရသည်။

အိုင်အုန္ဒ။ ။ အချင်းဆော့ခရတ္တိ၊ ငါတို့၏ စာဟောအတတ်တွင် စာတို၏ အာဘော်ကို သရုပ်ဖော်တတ်ရသော အလုပ်သည် လွန်စွာ အားထုတ်ရသော အလုပ် ဖြစ်သည်။

ဆော့ခရတ္တိ။ ။ အချင်းအိုင်အုန္ဒ၊ အသင် သရုပဖော်တတ်ခြင်းသည် အတတ်ပညာကြောင့် မဟုတ်။ စိတ် နှလုံးကြောင့် သို့ မဟုတ် စိတ်တတ်ကြွမှု သဘောကြောင့် ဖြစ်သည်။

ဦးဩ ခံစားမှု ကလေးကို အားကျရင်း ဆော့ခရတ္တိ၏ အသံကို ကြားလောမိခြင်း ဖြစ်သည်။ ဦးဩ၏ လစ်လပ်ခိုက်မျိုး ကျွန်တော် တို့တွင် မရှိသော်လည်း ကျွန်တော် တို့မှာ

စိတ်တက်ကြွမှု ရှိနေသည်။ အတတ်ပညာကို ရှုံးမယ်မဖွဲ့သော် လည်း အချိန်ကာလကို ရှုံးမယ်ဖွဲ့မိသလို ဖြစ်နေသည့် ကျွန်တော် တို့ကို ဆော့ခရတ္တိက အားပေးနေသည် ထင်မိသည်။ ဦးဩခေတ်၊ ဆော့ခရတ္တိခေတ်၊ ကျွန်တော် တို့ခေတ် ..... အသီးသီးသည် ကွာလှမ်းသော် ငြား ခံစားမှု ချင်း ဆက်စပ်နေကြသည်ဟု ထင်မိ၏ ။

ယခုမူ ကျွန်တော် သည် "အက်ဆေး" အကြောင်းကို စဉ်းစားမိတိုင်း စိတ္တကျော်သူဦးဩ ကိုသာမက ဆော့ခရတ္တိကိုပါ သတိရမိနေပြီ ဖြစ်ပါသတည်း ......။ ။

*

# လှတစ်မျက်နှာ

## (၁)

မမွှေးထုံ၊ မမွှေးထုံ

ပါးကွက်ကျားနဲ့ နပ်ခါးမှုန့်

မမွှေးထုံ ဘာကြောင့် မွှေး

ရှင်တောင်နပ်ခါး လိမ်းလို့မွှေး ........။

ကြည်အေး

တစ်ခါက ရှုမဝမဂ္ဂဇင်းတွင် ကြည်အေး၏ "မြန်နန္ဒာ ပြောချင်သေးသည်" ဝတ္ထုကို ဖတ်လိုက်ရသည်။ ထိုဝတ္ထုထဲမှ သမီးလိမ္မာဆိုသည့် ကဗျာလေးကို စွဲလမ်းနေမိသည်။

ပါးကွက်ကျားနှင့် သမီးလေးကို မျက်စိထဲမြင်ယောင်လာမိသည်။ ပါးဖောင်းဖောင်းကလေး နှစ် ဖက်ပေါ် ကွက်ကျားထားသည့် ရှင်မတောင်သနပ်ခါးရနံ့ကလေးပင် မွှေးပျံ့လာသည် ထင်မိ၏ ။

မမွှေးထုံ ဆိုသည့် နာမည် ကလေး၊ နပ်ခါးမှုန့်ဆိုသည် အသုံးကလေး ရှင်တောင်သနပ်ခါး ဆိုသည် မပီတပီ ကလေးဆန်သည့် အသုံးကလေးများ ကပင် ချစ်စရာကောင်နေတော့သည်။

တကယ်တော့ ရှင်မတောင်သနပ်ခါးသည် မြန်မာအမျိုး သမီးများ ၏ လက်စွဲ ဖြစ်ပေသည်။ ပခန်းသားတို့၏ ပါးစပ်ရာဇဝင်အရဆိုပါမူ အလောင်းစည်သူမင်းကြီး ဖောင်စကြာနှင့် တိုင်းခန်းလှည့်လှည်လာစဉ် တောင်နီဟု ယခုခေါ်ကြသည့် ရှင်မတောင်အနီးသို့ ရောက်သည့်အခါ မိဖုရား၏ သနပ်ခါးအစ်တော် မှော ကျ်သွားသတဲ့။ ထို့ကြောင့် တောင်နီသနပ်ခါး (ရှင်မတောင်သနပ်ခါး) သည် အခြားနယ်ပယ်က သနပ်ခါးများ

ထက် မွှေးသည်ဟု ဆိုကြသည်။

ပခုက္ကူခရိုင် သနပ်ခါးအထွက်ဆုံး နယ်အ ဖြစ်ကျော်ကြားသည်။ ပခုက္ကူခရိုင် ပခန်းကြီးအနောက် ခရီးတစ်တိုင်ကွာခန့် တောင်နီဆိုသသည့် အရပ်က ထွက်သဖြင့် တောင်နီသနပ်ခါးဟုလည်း ခေါ်ကြပေသည်။

ရွှေဘိုသနပ်ခါးသည် နာမည် ကြီး၏ ။

"ရွှေနံ့သာခေါင်ကိုလ၊ ကျောက်ပျဉ်မှာ အသာတင်

ခန်းခွင်မှာ သွေး၊

လိမ်းမယ်လို့ကြံ ၊ မှန်ယူခဲ့ ဆံတိုလေးရယ်

ပိန်းရိုက်စို့လေး" ဟု ကဗျာအဖွဲ့များ ရှိခဲ့ပေသည်။

တောင်တွင်းကြီးကလည်း သနပ်ခါးကောင်းကြောင်း ဂုဏ်ယူလေ့ရှိသည်။

လှလိုက်တာ ပင်နပ်ခါး

ရှင်နတ်များ စိုက်ထားသည့်ပုံ

အရိုးက ကတိုးထံသည်

အခိုးစုံ ပင်စည်လျှောက်ပါလို့

အခေါက်ကလေးကတစ်ရာ

မွှေးတဲ့ နံ့သာ

တောင်တွင်းကြီး ဦးကြော့ ဖွဲ့ဆိုဖူးသည်။

အထူးသဖြင့် ကျေးလက်သူတို့သည် သနပ်ခါးကို လက်စွဲထားကြသည်။ အခြား လိမ်းခြယ်စရာလည်း ထွေထွေထူးထူး မရှိလှ။

သနပ်ခါးငယ်တစ်ကွက်၊ ရွှံ့တစ်စက်ကယ်နှင့်

နှုတ်ထွက်ကဲ့ သံညီ

စိုက်ကွင်းဆီက သီချင်းသံပြိုင်သီတော့

ကောက်စိုက်သမတို့မှာ နေပူမရှောင် လုပ်ငန်းခွင်ထဲ သနပ်ခါးသည် ဇာတ်ဝင်ခန်းက ပါခဲ့သည်ပဲ။

နောက်ပိုင်းခေတ်ကာလများ ၌ တောကျေးလက်များ သို့ ဇာတ်အဖွဲ့များ လာ ကြသည်။ ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲ စသည်ဖြင့် ။ ထိုအခါတွင် ဇာတ်ပွဲကြော်ငြာရင်း မျက်နှာချေ ထုပ်ကလေးများ ပါလာကြသည်။ ဇာတ်ထဲက မင်းသမီးလေးများ ကို အားကျ၍ မျက်နှာချေထုပ်ကလေးများ ဝယ်ကြလိမ်းလာကြသည်။ သည့်နောက်ပိုင်း ရွာမှ မြို့ ဈေးသွားသူ များ က မိတ်ကပ်၊ မိုးပွင့် စသည်တို့ ဝယ်လာကြသည်။

သည်တုန်းက မက်စ်ဖက်တာ အလှကုန်းများ ပေါ်ပင်မပေါ်သေး။ နောက်မှ ရေပန်းစားလာပေသည်။ လှတစ်မျက်နှာအတွက် ထွေရာလေးပါး များ လာရပေသည်။

မိန်းကလေးများ ကလည်း လှသည်ထက် လှချင်ကြသည်။ အလှပစ္စည်း ထွင်သူတွေ ကလည်း တစ်မျိုး ပြီးတစ်မျိုး တီထွင် ကြသည်။ အလှပစ္စည်း ထုတ်လုပ်သူများ ကြီးပွားသွားကြသည်။

မက်စ်ဖက်တာအလှကုန်ကို ထွင်သည့် မစ္စဖက်တာသည် ပိုလန်ပြည်သား။ ငယ်စဉ်က အလွန်ဆင်းရဲသည်။ ဇာတိမှ ခွာပြီး ပါရစ်၊ ဘာလင်၊ မော်စကို မြို့ များ သို့ အလုပ်သွားလုပ်ရသည်။ ကပွဲရုံ၊ ဇာတ်ရုံကြီးများ မှာ ရှိသည့် အလှပြုပြင်ရေး ဆိုင်ခန်းများ တွင် ဝင်လုပ်သည်။ အလုပ်လည်း ကြိုး စား၊ လေ့လည်း လေ့လာအားထုတ်သဖြင့် နောက်ဆုံး ဆံပင်အတုပြုလုပ်နည်း မိတ်ကပ်ဖြင့် မျက်နှာအလှပြုပြင်ပေးနိုင်သည့် ပညာရပ်များ ကို ကောင်းစွာ တတ်မြောက်ခဲ့သည်။ လော့စ်အိန်ဂျလိမှာ မက်စစ်ဖက်တာ အလှပြုပြင်ရေး ဆိုင် စဖွင့်ခဲ့သည်။ သူ့ထံသို့ ချာလီချက်ပလင်၊ ဘတ်စတာကီတန် စသော လူရွှင်တော် မင်းသားများ ရောက်လာကြသည်။ ထိုခေတ်က ရုပ်ရှင်မင်းသား မင်းသမီးများ မှာ မျက်နှာလိမ်းခြယ်ရန် ဂုံမှုန့်နှင့် ပြောင်းဖူးမှုန့်များ သာ သုံးနေရသည်။ တစ်စတစ်စနှင့် မက်စ်ဖက်တာ အလှကုန်များ ကို

လူကြိုက်များ သုံးစွဲလာကြသည်။ မက်စ်ဖက်တာ၏ အစွမ်းကိုသိလာပြီး စိတ်ကြိုက် ဖြစ်ခွင့် ပေးလာကြသည်။ ဤသို့ ဖြင့် လုပ်ငန်းတိုးချဲ့၊ သားဂျူနီယာမက်စ်ဖက်တာ လက်ထက်တိုင် ကြို း ပမ်းလုပ်ဆောင်ရင်း နောက်ပိုင်း နိုင်ငံခြားတိုင်းပြည်များ ပါ တင်ပို့ရင်း ကြီးပွားသွားတော့သည်။

နောဧသဘော ရုပ်ရှင်ကားတွင် လူပေါင်းနှစ် ထောင်ကျော်လောက်ကို မိတ်ကပ်ပြုပြင် ပေးရသည်။ နောက် အလံထွက်ကားများ ပေါ်လာသည့်အခါ မှန်လိုကြည်လင် ပိုပြီး အနှစ် ရှိသည့် မိတ်ကပ်များ တီထွင်၊ ငါးလကြာ စမ်းသပ်ပြီး လုပ်ရသည်။ ဤသို့ ပြု လုပ်ပြီး နောက်ဆယ်နှစ် ကြာမှ နိုင်ငံခြားတိုင်းပြည်များ ၊ ကမ္ဘာအရပ်ရပ်က မှာ ကြားကြသည်ဟုဆိုသည်။ မျက်နှာချေ တစ်မျိုး တည်း တစ်နေ့ကို ပေါင်နှစ် သော င်းထုတ်လုပ် ရောင် းချရသည်ဟု သိရသည်။

မြန်မာသနပ်ခါးရနံ့ကလေး ရှူရှိုက်၊ သနပ်ခါးဖွဲကဗျာလေးများ တွင် ကြည်နူးလိုက်၊ ကျေးလက်ပါးကွက်ကျားလေးတွင် ငေးလိုက်ဖြင့် ပီတိ ဖြစ်နေရာမှ မက်စ်ဖက်တာ အတ္ထုပ္ပတ္တိ ဖတ်လာရသည့်အခါ မျက်လုံးကျယ်လာရပေသည်။

သို့ သော် ကျွန်ုပ်တို့၏ ဇာတိပုည ဂုဏ်မာနကလေးက တစ်ထောင့်က ပြူ လာပြန်၏ ။ ကြည့်စမ်း၊ ချာလီချက်ပလင်တို့ ဂုံမှု နှ်၊ ပြောင်းဖူးမှု နှ် လူးနေရစဉ်က ကျွန်ုပ်တို့ ကျေးလက်သူများ သည် သနပ်ခါးရနံ့မွှေးမွှေးလေးကို အစောကြီးကတည်းက ပါးပေါ်တင်ကာ လှပနေပြီပဲ။

သနပ်ခါး ကွက်ပါးမှန်ကူလို့

အမူကြီး ကမ်းကုန်အောင်

ဘယ်မြို့ ပုံ သော ရယ်လို့။

ဦးကြီးဖွဲ့ဆိုခဲ့သည်မှာ မလွန်လှပါ။

ယခုတော့ သားစျေး၊ ငါးစျေးနှင့်အတူ သနပ်ခါးစျေး သည်လည်း တတ်လာခဲ့ပြီ။

သနပ်ခါးပင်လည်း ရှားလာပြီ။ သူမျှား တွေ က စျေးကွက်ချဲ့လာပြီ။ ကျွန်ုပ်တို့၏ နယ်မိမယ်၊ ရွှေပြည်နန်း၊ ဆောင်တော် ကူး၊ ခိုင်မာလာနှင်းဆီ ၊ သင်းပျံ့ပျံ့မွှေး တို့ ခြေလှမ်း ဘယ်သို့ ရှိပါသနည်း။

(၂)

မြင်သူချစ်စရာ ဆေးဆိုးပန်းရိုက်မျက်နှာလေး

စွဲမက်မိရဲ့ ကွယ်။

လှတစ်မျက်နှာကိစ္စ စဥ်းစားနေစဉ် လူငယ် တစ်ယောက် ဟစ်သွားသည့် သီချင်းသံ ကြားလိုက်ရသည်။ ခေတ်ပြောင်းလာပြီဆိုသည်ကို ထိတ်လန့်တကြား သိလိုက်ရသည်။ ယနေ့ လူငယ်များ သည် သူတို့အဖေအမေတို့ ခေတ်ထက် ပိုမို၍ အရင်းအတိုင်း ဖြစ်လာကြသည်။ လွတ်လပ်ပွင့်လင်းလာကြသည်။ ဟိုစဉ်က .....

ရှုပါရုံမှာ လွန်ကြော့ရှင်းတယ်

ခြောက်ပြစ်ကင်း

အဆင်းမှာ လှပေတယ် ဟု သီဆိုခဲ့ကြသည်။

ယခုတော့ ဆေးဆိုးပန်းရိုက်မျက်နှာလေးဟု တိုက်ရိုက်အမြင်ကို ဖွင့်လာသည်။ ကုန်ထုတ်လုပ်မှု ပါ တစ်ဆက်တည်း မြင်ယောင်လာစေအောင် လှစ်ပြသည်နှင့် တူ၏ ။

အလှကုန်ဆိုင်ကြီးတစ်ခုမှ ကျွန်တော့် မိတ်ဆွေတစ်ဦးအား ကျွန်တော့် အမြင်ကို ပြောပြသည့်အခါ မိတ်ဆွေက တဟားဟားရယ်ပါသည်။

“ခင်ဗျားမြင်တာ နည်းတောင်နည်းသေးဗျ။ လှတစ်မျက်နှာကိစ္စဟာ တကယ့်ကိုမှ ကြီးကျယ်ပါသဗျ။ ခင်ဗျားက ဘိုးတော် ဘုရားခေတ်က မက်စ်ဖက်တာလောက်သိတာ။ အခု ကုမ္ပဏီခေတ်မှာ ဘာတွေ ဘယ်လောက် တင်သွင်း တင်ကျယ်နေသလဲ သိရဲ့ လား စာရေး

ဆရာရဲ့ ” ဟု ရယ်ကျဲကျဲ သူမေးသည့်အခါ ကျွန်တော် ခေါင်းယမ်းပြမိသည်။

ဟော တာဖာကုမ္ပဏီတဲ့။ စူပါဝမ်းတဲ့၊ ဂရမ်းဝမ်း အင်တာပရိုက်စက်တဲ့။ ယူနိုက်တက် အင်တာနရှင်နယ် လီမိတက်တဲ့။ မိတ်ဆွေက ကုမ္ပဏီနာမည် များ ရွတ်ပြသည်။

“အလှကုန်ရဲ့ ဈေးကွက်ဟာ ပင်လယ်ရေလိုပဲဗျ။ သောက်သုံးလို့ မကုန်နိုင်ဘူး။ အခု လူဦးရေ ၄၅ သန်းပဲထား။ နေ့စဉ် တစ်မျိုး မဟုတ်တစ်မျိုး သုံးတဲ့လူပေါင်းဟာ သန်း ၃၀ ထက် မနည်းဘူး”

သူပြောမှ ကျွန်တော် မျက်လုံးပိုကျယ်လာသည်။ ကျွန်တော် တို့က မိန်းကလေးများ တွေ့လျှင် မျက်နှာကလေးလှတယ်။ ယဉ်တယ်လောက်သာ သိသည်။ သူတို့က ပို၍ ပို၍ လှစေယဉ်စေအောင် ထိုမိန်းကလေးများ ၏ မျက်နှာများ ပေါ်က ဖုံးလွှမ်းထားသည့် ငွေကြေးပမာဏအထိပါ လှမ်းမြင်နိုင်ကြသည်။

“လှတစ်မျက်နှာပဲ ခေါင်းက ဆံပင်ကိစ္စ ဆိုပါတော့။ ဂရင်းဝမ်းအင်တာပရိုက်စ်က လိုလိမ်းအလှကုန်တွေ သွင်းတယ်ဗျာ။ ဆံပင်အလှပြုပြင်ရေး အလှကုန် အများ ဆုံး သွင်းတယ်။ ကောင်းခြင်းငါးဖြာမှာ ရုပ်သွင်ရဲ့ အလှကို ဆံပင်က ပြောင်းလဲစေနိုင်သဗျ။ အဲဒီ တော့ ဆံပင်ကို နူးညံ့ပျော့ပျောင်းစေမယ်။ ပြတ်ခြင်း၊ ကျွတ်ခြင်းကို ကာကွယ်မယ်။ နေရောင် ခြည်မှာ လှိုင်းထပြီး လှစေမယ်။ ပေါင်းတင်ဆေး၊ ဖြောင့်ဆေး၊ ကောက်ဆေး ၊ အဖွာကောက်ဆေးရည်၊ နက်မှောင်စေတဲ့ ဆိုးဆေး၊ အို ..... အစုံပဲဗျ။ ဆံခြည်မျှင်ချိုင့်တွေ ကို ဖာထေးပေးပြီး ဆံပင်ကို လုံးပြောင်ချောနက်မှောင်လာစေတယ်။ ပါးသူ ပိုထူသယောင် အုံကြီးစေတယ်။ ဆံပင်လှိုင်းတို့၊ အမောက်တို့ကို ပုံမပျက်အောင် တစ်နေ့လုံး ထိန်းထားနိုင်တယ်”

မိတ်ဆွေက ဆံပင်နှင့် ပတ်သက်၍ ခေါင်းလျှော်ရည် ရှန်ပူများ အကြောင်း ပြောပြနေသည်။ ကျွန်တော် က မရှင်းသည်များ မေးကြည့်သည်။

“ဆံခြည်မျှင်ကလေးတွေ ကို မိုက်ကရိုစကုပ်နှင့် ကြည့်ရင် ချိုင့်လေးတွေ တွေ့ ရမယ်။ ကွန်ဒစ်ရှင်းနင်းလုပ်တယ်ဆိုတာ အဲဒီ ချိုင့်တွေ့ကို ဖြည့်ပေးတာ၊ ဖာထေးပေးတဲ့

သဘောပေါ့။ ဥပမာ လမ်းတွေ ချိုင့်တွေ ဖာတဲ့ သဘောပေါ့ဗျာ”

“ထူးဆန်းပါပေ့ ဆရာတွတ်ရယ်”

“ဗျာ”

“သြော် ထူးဆန်းလို့ပါ”

“မက်ဒီကိတ်ရှန်ပူဆိုတာ မြန်မာလူမျိုး တွေ အတွက် အရေး ကြီးတယ်။ ဘောက်ပျောက်စေတယ်ဗျ”

“ဒက်ကော မပျောက်ဘူးလားဗျ”

“ခင်ဗျားက ဝွလုပ်တော့မယ်”

“သြော် မဟုတ်ပါဘူး။ ကျွန်တော် က ရွာကျောင်းက ကိုရင်လေး သတိရလို့ပါဗျာ”

ထိုအခါမှ မိတ်ဆွေက စိတ်လိုလက်ရ ဆက်ပြောပါသည်။

တာဖာထရေး ဒင်းကုမ္ပဏီက ကိုယ်တိုက်ဆပ်ပြာမွှေး၊ ရှန်ပူခေါင်းလျှော်ရည်၊ ခေါင်းလိမ်းဆီ၊ ပေါင်ဒါ၊ အရေပြားလိမ်း Lotion ၊ ဘော်ဒီစပရေး ၊ ရေမွှေး၊ နှုတ်ခမ်းနီ၊ မျက်နှာသန့်စင်ဆေး၊ အနံ့အသက်တွေ ပျောက်ကင်းစေတဲ့ ဒီအိုဒိုရင့်တွေ ပစ္စည်းအမယ်ပေါင်း လေးရာကျော်သတဲ့။

- မျက်နှာကို သန့်ရှင်းရေး (Cleaning) လုပ်။

- သန့်စင်ပြီး မျက်နှာကို အသားချောအောင် Toning လုပ်။

(သန့်စင်ပြီး ကျယ်သွားသည့် ချွေးပေါက်ကို ပြန်ကျဉ်းအောင်လုပ်) သတဲ့။

တိုနင့် လုပ်ပြီး အသားအရေ စိုပြည်အောင် ထပ်လုပ်သတဲ့။ သူပြောသည်မှာ စုံလို့နေသည်။

“သနပ်ခါး နှင့် မိတ်ကပ် အများ စု လမ်းကြတယ် မဟုတ်လား။ ဒါတွေ ကို ဘယ်လောက်ဆပ်ပြာတိုက်တိုက် ချွေးပေါက်ထဲမှာ ချေးတွေ ကျန်နေတယ်ဗျ။

မိုက်ကရိုစကုပ်နှင့် ကြည့်မှ မြင်တာ။ ဒါတွေ မစင်ရင် ကြာရင် မျက်နှာပေါ်မှာ အမည်း စက်တွေ ဖြစ်လာတတ်တယ်။

"အဲဒါ အဲဗားဆော့ဖ် ကလင်းဆာတွေ က တတ်နိုင်တယ်။ ထောပတ်သီးနှင့် လုပ်တာရှိတယ်။ နို့နှင့် လုပ်တာရှိတယ်။ သခွားရည်မျက်နှာပေါင်းတင်ရည်လည်း ရှိပါတယ်။ စူပါဝမ်း ကုမ္ပဏီက ဂျပန်ရဲ့ နည်းနာတွေ ပေါ့ဗျာ။ မလေးရှားက ထုတ်လုပ်တာပေါ့"

"အသားညိုတာကို ဖြူအောင် လုပ်နိုင်သဗျ"

ကျွန်တော် ပို၍ မျက်လုံး ကျယ်သွားရပြန်ပါသည်။

"ဟေ့ လူကြီး တကယ်လား"

"တကယ်ပါဗျ။ အဲဗားဆော့ဖ်အမှတ်တံဆိပ်ထဲက White Cleaning Foam ဆိုရင် အာရှတိုက်သားတွေ အတွက် စပယ်ရှယ် ပေါ့ဗျာ။ အသားညိုတာ မယ်လင်နင်ဓာတ်တွေ ကြောင့် ဗျ။ ဒီ Foam က နေရောင် ထဲပါတဲ့ ခရမ်းလွန်ရောင် ခြည်ရဲ့ ဒဏ်ကို ကာကွယ်ပေးတယ်။ နောက်ပြီး ဗီတာမင်ဒီပါတဲ့အတွက် မယ်လင်နင်ဂရင်းညှူးလေးတွင် ပြန့်နေတာကိုလည်း မပြန့်အောင် ထိန်းထားတယ်။ မပြန့်ဘူးဆိုရင် မယ်လင်နင် ပျောက်နေရင် အသားဖြူသွားတယ်"

"ထူးဆန်းပါပေ့ ဆရာတွတ်ရယ်"

"ဘာလဲဗျ။ အကောင်းပြောပြတာ"

"ဩော် အိမ်က မိန်းမ ပေါင်းတင်ရင် ကောင်းမားလို့ပါ"

မိတ်ဆွေက ရယ်ပါသည်။

သူက မျက်နှာသန့်စင်ရယ် တချို့ ဆိုလျှင် ဆပ်ပြာခဲကိုပင် မသုံးတော့ကြောင်း ရှားစောင်းလက်ပတ်အစေးမှ ထုတ်လုပ်သည့် မျက်နှာသန့်စင် ဆေးအရည်မှာ အသားချောမွတ်စေသည့် အပြင် ချွေးပေါက်အထဲမှ ဗက်တီးရီးယားပိုးကိုပင် သေစေနိုင်သည်ဟု ဆိုပါသည်။

ကျွန်ုပ်တို့၏ ရှားစောင်းလက်ပတ်ဆေး လေးဖက်နာ ပျောက်ဆေး "စုစုအေးအောင်" ကို အမှတ်ရမိလိုက်၏ ။ သူများ တွေ ခေတ်မီနည်းဖြင့် ထုတ်လုပ်၍ ကမ္ဘာဖြန့်နေပြီ။ ကျွန်ုပ်တို့ မြန်မာနည်း မြန့်မာဟန် ချက်ဆေးဘူးလေးများ နိုင်ငံတွင် အနံ့ပျံ့ဝဲရန် ကြိုး စားနေရဆဲ။

ကျွန်တော် မိတ်ဆွေ ပြောပြသည့်အထဲက အလုကုန်များ တွင် ဗီတာမင်ဓာတ် တွေ ပါနေကြောင်း ပါသိရသည်။ အလှအတွက်သာမက ကျန်းမာရေး အတွက် ကောင်းသတဲ့။

ဗီတာမင်ဓာတ်ကို အစားအစာ၊ အာဟာရအထဲတွင် သာမကပဲ ပြင်ပကိုယ်ခန္ဓာပေါ်သို့ ပါ တိုက်ရိုက်သက်ရောက်စေကာ ဆေးဖက်ဝင် အလှကုန်များ အထိ တီထွင်လာကြောင်း သိရပေ၏ ။ မူလက ခုတာယဉ်တာလောက်သိ၍ သနပ်ခါးဘဲကျားကို စာတင်ကြည့်နူးမိသူသည် တဖြည်းဖြည်းနှင့် မျက်နှာပြင်အလှနယ်ထဲမြှပ်ကာ ငွေမျက်နှာ၊ ဒေါ်လာမျက်နှာ များ ကို မြင်လာရပေသည်။

တကယ်တော့ ပကာသနအလှတွေ ၊ အလှကုန်တွေ သည် သဘာဝအလှကို မှီတွယ် နေရသည်သာ ဖြစ်ပါ၏ ။ နဂိုရှိမှ နဂိုင်းထွက်ပေမည် ။ နဂိုမရှိဘဲ နဂိုင်းထွက်ချင်လည်း ဦးချိုသာ ဖြစ်ဖို့များ ၏ ။

ကျွန်တော် ၌ သမီးနှစ် ယောက် ရှိသည်။ အလှကုန်ပစ္စည်းအဆန်းပေါ်တိုင်း၊ သူတို့ကို ဝယ်မပေးနိုင်။ သို့ သော် သူတို့ အသိနယ်ပယ်ကိုလည်း မချုပ်ချယ်ချင်၊ ချုပ်ချယ်ကန့်သတ်၍ လည်း ရမည် မဟုတ်။ နောက်ဆုံးပေါ် ဘယ်ပစ္စည်းအကောင်းဆုံးတဲ့ ဟူသော သတင်းစာသည် သူတို့မိန်းကလေးတို့ နယ်ပယ်တွင် အလွန်သတင်းပြန့် မြန်လှသည်။

ဟိုတုန်းက မက်စ်ဖက်တာ အကောင်းဆုံးနံပါတ်တစ်၊ အခြားအလှကုန်တွေ ထဲမှာ ကော်တီယော့ဒ်လေးပွန်း၊ ရက်ဗလွန်၊ အင်ဂယ်လ်ဖေ့စ်၊ နီဗီးယား၊ လာဗီးယားတို့လည်း ရှေ့တန်းက ရေမွှေးဆိုလည်း ချာနယ်နံပါတ် ငါး အဲဒီ နောက်နိုင်ငံခြားကုန် သိပ်မဝင်တော့ဘူး။ ဒီ ရူဇာက ထုတ်သည့် အလှကုန်တို့၊ ဘီပီအိုင်က ထုတ်သည့် မဥ္စူ

အလုကုန်တွေ နှင့် စခန်းသွားနေရပြန်သည်။

ထုတ်ကုန်တွေ ကို လေ့လာကြည့်လျှင် ရွှေနှင်းဆီ မျက်နှာချေလေးလည်း လုပါသည်ဟု ဆိုသည့်အခါ ဖေဖေ့ ရွှေနှင်းဆီက ပြတိုက်ထဲမှာ ကျန်ခဲ့ပြီဟု သမီးက နှုတ်ခမ်းစူချင်သည်။ သို့သော် သူတို့ လက်မလွှတ်သည်မှာ သနပ်ခါး ဖြစ်သည်ကိုတော့ ဝမ်းသာနေရသေးသည်။

သနပ်ခါးဥယျာဉ်များ ပြုလုပ်၍ ခေတ်မီနည်းစနစ်ဖြင့် ထုတ်လုပ်ကာ နိုင်ငံခြားဖြန့်နိုင်ဖို့ ကြိုး စားသင့်ကြောင်း လူထုဦးလှ ရေး ဖူးပေသည်။

အခြားအလုကုန်များ မည် မျှ သစ်ဆန်းပါစေ၊ အရင်းခံ သနပ်ခါးကိုတော့ ကျွန်ုပ်တို့၏ မိန်းကလေးများ မပစ်ပယ်နိုင်။ မျက်နှာကလေး လှပ၍ အလှသတင်းမွှေးသည်ထက် လူ၏ ကောင်းသတင်းမွှေးသည်က ပိုမွှေးသည်ဟု ယူဆမိ၏ ။

(၃)

မမွှေးထုံ၊ မမွှေးထုံ

စံပယ်ကုံးနဲ့ ဆံထုံးပုံ

မမွှေးထုံ ဘာကြောင့် မွှေး

တောစံပယ်သေး ပန်လို့မွှေး။

ကျွန်တော် သည် အလှကုန် ပစ္စည်းအကြောင်းများ မိတ်ဆွေဆီက ကြားရစဉ် အသိတိုးလာသည်မှာ မှန်သော်ငြား စိတ်ထဲမှာ ရှုပ်ထွေးနေမိသည်။ ကိုယ်ဝယ်ယူမသုံးစွဲနိုင်တာလည်း ပါပါလိမ့်မယ်။

သက်တံကလေးကို မိုးပေါ်မှာ မြင့်ရ၍

ငယ်ကလို မကြည့်နူးနိုင်ဘူးဆိုလျှင်

သေလိုက်ပါရစေ့ဆိုသည့် ဝီလံဝေ့ဒ်ဝါ့သည်၏ ကဗျာလေးကို အမှတ်ရမိ၏ ။ ငယ်က မွေးထုံကဗျာလေး ပြန်ဖတ်ရသည့်အခါ ရင်ထဲ ဆွတ်ပျံ့ကြည်နူးလာမိရပြန်သည်။

ဆရာတိုက်စိုးသည် မိန်းမငယ်အလှ၊ အားကစားမယ်၏ အလှ၊ အိမ်ရှင်မ၏ ဝတ္တရား ကျေပွန်မှု အလှတို့ကို နှိုင်းယှဉ်၍ မိန်းမလှဟူသည့် စာတစ်ပိုဒ် ဖွဲ့ခဲ့ဖူးပါသည်။

အပြစ်ကင်းစင်လှသည့် သမီးလိမ္မာကဗျာလေး၏ အလှသည်လည်း တစ်ပိုဒ်ထက် တစ်ပိုဒ်ပိုမို၍ သာ လေးနက်လာသည်ဟု မှတ်ယူမိ၏ ။ ကျွန်တော့် အတွက်မူ မရိုးနိုင်သော ကဗျာလေးတစ်ပုဒ်ပင် ဖြစ်ပါ၏ ။

မမွှေးထုံ၊ မမွှေးထုံ

နှုတ်ချိုအေးတဲ့ မမွှေးထုံ

မမွှေးထုံ ဘာကြောင့် မွှေး

လိမ္မာရေး ခြား၊ သတင်းပြေး

သမီးမြကျေး၊ ကြာညိုသွေး

စိတ်တည်ကြည်လို့ နာမည် မွှေး။

*

# သာပါရဲ့ ရွာနံဘေးမှာ ဖုန်လုံးနှင့် ဖွေး

အထက်ကပူ၊

အောက်ကပူသနှင့်

ဖုန်ထူတဲ့ ကျွဲလမ်း

လေပူမွှေ့ ရမ်းနေပေ့ါ ......။

နွေ တစ်ရက်က ကျွန်တော် သည် အမေ့ရွာသို့ ပြန် ဖြစ်ခဲ့လေသည်။ ကိုယ့်ဗာဟီရနှင့် ကိုယ်လုံးချာလည်ရင်း မရောက် ဖြစ်သည်လည်း ကြာ၊ အမေအိုကလည်း တဖွဖွ လူကြုံတိုင်းမှာ မြို့ ကြီးပြကြီးမှာ မာကြောင်း သာကြောင်း ချာကြောင်း ဘာအကြောင်းမှ မသိရ၊ သတင်းကို သတင်းပတ်ကာ နေနိုင်ရက်ပေတဲ့။ တစ်နှစ် ပြန်မည် ။ တစ်နှစ် လာမည် ။ အကြိမ်ကြိမ်အခါခါ အလီလီ အဖုံဖုံအနည်းနည်း ကတိစကားတွေ နှင့် အမေ့အား လှည့်စားရက်ပါပေ့တဲ့။

အမေ့သားကြီး မြို့ ပြထီးထီးမှာ မာလည်းမာပါ၏ ။ ချာလည်း ချာပါ၏ ။ ချာသမှ လုံးချာ။

ယင်းသမို့ကြောင့် နွေတစ်ရက်က မ ဖြစ်မနေ အမေ့ရွာသို့ ပြန် ဖြစ်ခဲ့ပေ၏ ။

တကယ်တော့ အမေ့ရွာ၊ အမေ့နယ်နှင့် ကျွန်တော် တို့ မြို့ပြဝေးလှသည်တော့ မဟုတ်ပါ။ ရှင်ဆယ့်ရှစ်မိုင်ဆို ခရီးတာသည် နေ့ချင်းပင် ပြန်နိုင်ပါ၏ ။

နယ်မြို့ ဘူတာမှ အမေ့ရွာသို့ သုံးမိုင်ကျော်ကျော် လမ်းလျှောက်ရပေသည်။

ယခုနွေသည် ခါတိုင်းနွေထက် အပူရှိန် ပိုပြင်းသည် ထင်မိ၏ ။ လယ်ကွင်းပြင် ဖြတ်ထားသည့် လှည်းလမ်းကြောင်းမှာ ဖုန်ထူလှသည်။ နေပြင်းသဖြင့် လှည်းလမ်းဖုန်များလည်း လော်ထားသကဲ့သို့ ။

ကျေးလက်ဇာတိသား၊ မြို့ ပြရောက်တော့လည်း မြို့ လေပူနှင့်

ကျင့်သားရနေသဖြင့် သာ အထက်ပူ၊ အောက်ပူကို မမှု နိုင်တော့ဘဲ ဖြတ်သန်းရပေ၏ ။

တစ်ဖက်တစ်ချက်

လယ်ကွက်ကွင်းပြင်

စိမ်းရောင် ဆင်ဆဲ

ခရမ်းပဲခင်း

မီးသင်းရိုးပြတ်တော

ပြန့်ပြောလှချည့် ......။

တကယ်တော့ အထက်ပူအောက်ပူကို မမှု ဆိုသည်မှာ
သတ္တိကောင်းလွန်းလို့တော့ မဟုတ်ပါ။ ကျွန်တော် တို့နယ်၌ လှမ်းမျှော်လိုက်တိုင်း
လယ်ကွင်းပြင်ကို မျက်စိတစ်ဆုံးမြင်ရ၏ ။ ကျွန်တော် ပြန်သည့် နွေရက်ကာလများတွင် တချို့
လယ်ကွက်များ ၌ မီးရှို့ထားသည့် ရိုးပြတ်ငုတ်လယ်ကွင်း၊ ပဲခင်း၊ ခရမ်းခင်းတို့ကား နွေကို
အံတုနေသယောင်။ စိမ်းရောင် ဆဲ၊ ဖုန်လုံးထဲက မြင်နေရ၏ ။ ထိုမြင်ကွင်းကြောင့် လည်း
အထက်ပူအောက်ပူကို မသိသလို လှည့်စားကာ ဖြတ်သန်းနိုင်ချင်းလည်း ဖြစ်နိုင်ပေသည်။

စမ်းသပ်ရင်းစိုက်

ပန်းစရိုက်မပီ

နေခြည်ထဲကြွား

ပန်းများ ရဲ့ အလယ်

မျက်နှာကြီးထည်သော် လည်း

ပန်သူက ရှားနင့်

ဟိုနားတစ်ကွက် သည်နားတစ်ပြင်

နေကြာပင်တွေ ခေါင်းငိုက်စိုက်နှင့် ။

မရောက် ဖြစ်တာ ကြာသမို့လားမသိ။ အမေ့ရွာဝန်းကျင်၏ လယ်ကွင်းပြင် အနေအထားသည် တစ်မျိုး ဆန်းနေလေသည်။ ပဲခင်းများ ကြားဝယ် နေကြာပန်းပင်ကြီးများကို တွေ့ရ၏ ။ နေကြာခင်းချည်းလည်း သီးသန့်မဟုတ်။ ဟိုတစ်ကွက်၊ သည်တစ်ပြင် ဖြစ်၏ ။ နောက်မှ သိရသည်မှာ တော့ စီမံကိန်းသီးနှံအ ဖြစ် နေကြာကို စိုက်ကြရသည်ဆိုပဲ။

သည်ရေ သည်မြေ

မိုးလယ်၊ နွေကိုင်း

ထင်းခွေ တောတက်

သက်ငယ်ရွက် ဟင်းရွက်ရောင်း

ရွာချောင်းသဲတွင် း၊ ရေခပ်ရင်းဆုံ

ပဲခင်းကြုံနှင့်

သည်ပုံနှင့် မိုးချုပ်ကြ။

ကျွန်တော် တို့အရပ်၌ မိုးတွင် းအခါဆိုလျှင် လယ်စိုက်ကြသည်။ တန်ခူး၊ ကဆုန်လမှစ၍ စိုက်ရန် ပြင်ဆင်ကြပြီး ထွန်တုံးထွန်တံတို့ကို ပြုလုပ်ကြ။ စုဆောင်းကြပြီ။ ပုဆိုးဒူးတိုဝတ်၊ အကျီကျောပြင်နှင့် ပေါက်တူး၊ ကိုင်းခုတ် ဓားရှည်ကိုင်ဆောင်ပြီး လယ်ကွင်းပြင်ဆီ ထွက်ကြပြီ။ ကံသင်း ပြင်ညှိ၊ မြက်ခုတ်ပေါင်းရှင်း စသည်ဖြင့် လယ်ကွက်ကို မျက်နှာ သစ်ကြပြီ။ မိုးသံလေသံကြား၍ ဤသို့ စတင်ပြီး ကိုရွှေမိုး ခွန်းဆက်လာသည်နှင့် ဝါဆိုလလောက် စ ထယ်ထိုးကြပြီ။ ထွန်ရေး ပြပြီး ယမထာရွှေကြိမ်လုံးရယ်နှင့် ထွန်တုံးကိုတဲ့ ခြေတော် တင်ဆိုသည့် ထိုကာလလွန်လျှင် ဝါခေါင်ရောက် ပျိုး ကြဲ၊ ဝါခေါင်ကုန်လောက် ပျိုး နုတ်ကြ၊ ကောက်စိုက်ကြ။

ဤသို့ ဖြင့် တစ်နေ့တစ်ခြား ရင့်သန်ကာ ကောက်ပင် စိမ်းလဲ့ ယိမ်းနွဲ့နွဲ့နှင့် တာဖွဲ့ ကျယ်ဝန်း လယ်မြေခင်းကလေးကို တစိမ့်စိမ့်ကြည့်ရင်း လယ်သမားကြီးများ

ပီတိခွေ့ကြသည်။ ကျွန်တော် တို့ ရွာသူရွာသားများ ၊ သူတို့ဇာတိရပ်က မခွဲခွာနိုင်သည်မှာ ဤရေ ဤမြေ ဤမြင်ကွင်းတွေ ကြောင့် လည်း ပါပါလိမ့်မည် ။ ကျွန်တော် တို့ မိဘများ ဆိုလျှင် ဘယ်တော့မှ မြို့ ကြီးပြကြီးသို့ ကြာကြာခေါ်ထား၍ မရ။

ဤသို့ ဖြင့် မြစိမ်းကမ္ဘလာ လယ်ကွင်းကလေးကို ကြည့်ရင်း၊ ကြည့်ရင်း ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းကိုရောက် ရွှေရောင် ဝင်းသည့် စပါးခင်းကြီးကို မြင်ကြရ၊ နတ်တော် ပြာသို နှင်းကလေးစိုလျှင် စပါးရိတ်ကြ၊ တပို့တွဲ ကုန်လောက်တွင် စပါးနယ်ကြ၊ လှေ့ကြ ဤသို့ ဖြင့် စပါးရရန် လယ်သမားကြီးတို့သည် ဆယ်လ၊ ဆယ့်တစ်လ လုပ်ကြရ၏ ။ ဒေသအနေအထားအရ မိုးဦးစောခြင်း၊ နောက်ကျခြင်းတို့အပေါ်မူတည်၍ ခြားနားမှု များ လည်း ရှိကြပါလိမ့်မည် ။ ဤ လုပ်ငန်းစဉ်မှာ ကျွန်တော် တို့ငယ်စဉ်မှ ယခုအချိန်ဆိုသလို ရွာလုပ်ငန်းစဉ် ပင်မကြီး ဖြစ်ပေ၏ ။

နောက်ပိုင်းတွင် တစ်နှစ် သုံးသီးရရန် ကြိုး စားကြသည်။ မိုးတွင် းအခါ လယ်စိုက်ပြီး နွေအခါ စပါးပြီးလျှင် ကိုင်းလုပ်ငန်းအ ဖြစ် ပဲသီး၊ ခရမ်းသီးစိုက်ကြသည်။ မတ်ပဲ၊ ဘိုကိတ်ပဲ၊ ပဲလွန်း စသည်ဖြင့် လည်းကောင်း၊ ခရမ်းပု၊ ခရမ်းရှည် သည်ကြားထဲမှ စိမ့်ကိန်းသီးနှံအ ဖြစ် နေကြာပါ စိုက်လာကြခြင်း ဖြစ်သည်။ မြန်မာပြည်သည် စိုက်ပျိုး ရေး တိုင်းပြည်ဟု အဆိုရှိ၏ ။ ကျွန်တော် တို့ ရွာကလေးမျိုး များ ကို ရည်ညွှန်း၍ ဆိုခြင်း ဖြစ်မည် ဟု ယူစမိ၏ ။

နွေဘက်အခါ၌ တစ်ဖက်က ကိုင်းစိုက်ရင်း ထင်ခွေတောတက်သူတက်၊ သက်ငယ်ကျင်းဆင်း ရိတ်သူက ရိတ်ကြ။ ဉယျာဉ်ခြံစိုက်သူများ ကလည်း ဟင်းရွက်ခူး၊ ခေါင်းရွက်ဗျတ်ထိုး ရောင် းကြသည်။

နေ့ခင်းတွင် နေသန်သန်ပူဆဲ၊ ပဲခင်းထဲ ဆုံကြသည်။ ညနေတိုင် ပဲခင်းကတက်၊ ဖုတ်ဖက်ခါ ချက်ကြပြုတ်ကြ၊ ရွာအရှေ့ ချောင်းစပ်၊ သဲလက်ယက်တွင် းမှာ ရေခပ်ကြ၊ ရွာအနောက် ဘိုကြီးအိုင်ခေါ်သည့် ရေတွင် းအိုကြီးမှာ ရေခပ်ကြနှင့် ။

ရွာအပျိုတို့ အချင်းချင်း စကြ၊ နောက်ကြ၊ ပုလွေတို့ နှင့် ကြူသံပေးသူလည်း

ရှေ့မှုအတိုင်း မပျောက်သေးပါ။ ကာလသား၊ ကာလသမီးတို့သဘာဝ တွေ့နေရဆဲ ကိုယ်တောင် ပြန်ငယ်ချင်မိ၏ ။

မေ ဘယ်လိုစဉ်းစားပြီး ဆုံးဖြတ်မှလဲ၊ မေဘယ်လို စိတ်ကူးပြီး ဆုံးဖြတ်မှာ လဲ၊ မေဘယ်လို တွေ တောပြီး ဆုံးဖြတ်တာလဲ။

ကျွန်တော် တို့ ငယ်ငယ်က တွံ့တေးသိန်းတန်နေရာတွင် ယခုတွံ့တေးစိုးအောင် ရောက်လာသည်။ ကျွန်တော် တို့ ရွာကလေး အတော် တိုးတက်လာ၏ ။

နွေလည်းနွေ၊ မိုးလည်းမိုး

ခါးချိုး လုပ်ရင်း

ပဲခင်းက အတက်၊ ဟင်းရွက်ခူးမပြီးခင်

အသုံးလုံး သင်ဖို့

ထဆင်ထူး လုံးကြီးတင်၊

ထီမထင်ကျောင်းကြီးသားတို့

စမ်းတဝါးဝါး စာအံသံ

လေပူထဲ လွင်ပျံ့ဟန်

အသံတွေ ကြားယောင်ဆဲ။

ဟိုး လွန်ခဲ့သည့် ရှစ်ဆယ်ခုနှစ် ဝန်းကျင်ဆီက အမေ့ရွာတစ်ခေါက် ရောက် ဖြစ်ခဲ့သည်ကို ပြန်အမှတ်ရမိပေသည်။ ယခုလို နွေရက်ပင် နေသန်သန်ပူဆဲ၊ ကျွန်တော် တို့ရွာသူ ရွာသားများ ပဲခင်းကတစ်ဖက်နှင့် ၊ တစ်ဖက်ကလည်း အ သုံးလုံး သင်ယူသင်ကြရသည်။ နွေလေပူထဲ စမ်းတဝါးဝါး စာအံသံများ ၊ ယခုနွေ အမေ့ရွာအပြန်တွင် ပြန်လည်ကြားယောင်နေဆဲပင် ဖြစ်ပါ၏ ။ ထိုစဉ်က သင်ခဲ့သည့် စာများ ပြန်သတိမှ ရမှ ရကြပါစေ။ ထိုစဉ်က အ သုံးလုံး ကျောင်းသားကြီးများ ကွယ်လွန်သူ ကွယ်လွန်ကြပြီ။

ကျန်သူများ လည်း ပညာတန်ဆောင် ဆီမီးရောင် ကလေးမှိန်ပျပျကို မြင်မှ မြင်ကြရသေးရဲ့လားမသိ။

"တာဝန်ကျေပြီလား

စပါးအရေး ၊ သားရေး သမီးရေး

အပေးအယူ ထပ်

"မတ်" နဲ့ "ဘိုကိတ်" ဟိတ်မထုတ်ရဲ

ခရမ်းလည်းလှ၊ ပန်းလည်းလှ

ဝမ်းဝပြည့်ဖြိုး တိုးစေ့မယ်စီးပွား

နတ်ကနားစီး အရှင်ကြီး မ မတဲ့။"

ယခင်အခါ ရွာအပြန်တုန်း ကတော့ လယ်သမားကြီးများ တစ်ဦးနှင့် တစ်ဦး ကတော့ တွေ့ကြလျှင် "တာဝန်ကျေပြီလား" မေးသံကြားရသည်။ တာဝန်ကျေစပါး ဒိုင်သွင်းကြရသည်။ ကိုယ့်လယ်က လယ်ထွက်ညံ့၍ မပြည့်လျှင် ဝယ်ချကြရသည်။ ယခုနှစ် အပြန်တွင် တော့ ဤအသံများ မကြားရ။ မတ်ပဲကိစ္စ၊ ဘိုကိတ်ပဲကိစ္စ၊ ရောင် းရေး ဝယ်တာ ကိစ္စတွေ သာ ကြားခဲ့ရသည်။ အမေ့မြေး၊ ကျွန်တော့် တူကလေးများ မတ်ပဲခြောက် နင်းလှေ့ပြာတီးပြီး ရွာစဉ်ပဲလည်ကောက်သူများ ထံ နို့ဆီဘူး တစ်လုံးတစ်ဆယ်ကျပ်နှင့် ရောင် းသည်ကိုသာ တွေ့ခဲ့ရသည်။

ထုံးစံအတိုင်း လယ်ခွင် ကိုင်းခွင်က ငွေယားကလေးကပ်သူများ လည်း တစ်နှစ် ထက်တစ်နှစ် လယ်ကွက် ကိုင်းထွက် ကောင်းရန်၊ စပါးဈေး၊ ပဲဈေး၊ ကောင်းရန် ခရမ်း စိုက်သူများ ကလည်း ပန်းခရမ်း၊ ခရမ်းရှည်၊ ခရမ်းအထွေထွေ အလှဖြိုး စေဖို့၊ ရောင် းရေး ဝယ်တာ ရောင် းပန်းဝယ်ပန်း၊ ပွင့်လမ်းစေဖို့၊ အရှင်မကြီး၊ လာဘ်ဘာဘ၊ စီးပွားတိုးစေဖို့ နတ်ကနား ကကြသတဲ့။ ဤအစဉ်အလာ၊ ဤယုံကြည်မှု ၊ ဤလုပ်ထုံးတို့ကား ရှေးရှေးယခင်က အတိုင်းပင်တကား၊ မနဲလေး၊ ဦးမင်းကျော်ကား မပြောင်း၊ ထီးချမ်းမေပိန်

နတ်ဆိုင်းသံကြားတွင် တော့ အော်ဂင်ပါလာသည်။ တေးသီချင်းပြောင်းလာသည်။ နတ်ကကြို း များ ဆန်းလာသည်။ ကျွန်တော် တို့ ရွာကလေး တိုးတက်လာ၏ ။

ကျွန်တော် တို့ ငယ်ငယ်က နတ်ကနားစီး အိုကြီးအိုမ နတ်ပုစိန်နေရာတွင် ယခုအခါ လှ တ ပ တ အသက် ငယ်ငယ်နှင့် ကနားစီးကျော်ကျော်ဆိုလား တကယ့်မိန်းကလေးထက်ပင် နွဲ့သေးလှသေးသည်။ ကျွန်တော် ပင် ယောင်ငေးမိ၏ ။ သြော် အမေ့ရွာကလေး အတော် ပင် တိုးတက်ပါကလား။

"ကြွေးမီးအပူ၊ ချွေးစီးကူငြိမ်းသတ်

တရစပ်ကုန်းရုန်း

နတ်စင်ကုန်း၊ ထန်းပင်ကုန်း

ပန်းပင်ကုန်း၊ ခြသေ့်ကုန်း

သဖန်းကုန်း၊ ကျောင်းကုန်း

ကျွဲတဲကုန်း၊ လွှစင်ကုန်း

ကုန်းရွာ၊ ရုန်းရွာ

နုံးရွာကလေးများ ။"

အမေရွာသည် နတ်စင်ကုန်းရွာ ဖြစ်၏ ။ ကျွန်တော် ဇာတိချက်ကြွေ မွေးရပ်မြေလည်း ဖြစ်၏ ။ ကျွန်တော် တို့ရွာ၏ ပတ်ဝန်းကျင်ကလေး ရွာကြီးတို့လည်း များ သော အားဖြင့် ပတ်ဝန်းကျင် ရွာကလေး ရွာကြီးတို့လည်း များ သော အားဖြင့် မိုး လယ်၊ နွေ ကိုင်း လုပ်ငန်းများ ဖြင့် ကုန်းရုန်းနေကြရသည့် ကုန်းရွာ ရုန်းရွာ နုံးရွာကလေးများ သာ ဖြစ်ပါ၏ ။

နတ်ကနား က သူတွေ က နိုင်သော် လည်း မကနိုင်သူတွေ အများ ပင်။ ကောက်ရိတ်ပေး၊ ကောက်စိုက်ပေး၊ ကိုင်းပေါ်ပေး ဈေးပြန်ပေး၊ နေ့ပြန်ပေး စသည်ဖြင့် ကြို ယူ၊ နေ့သွင်း၊ အတိုးနည်းစနစ်များ ဖြင့် ကြွေးမီးအပူကို ချွေးစီးကူပြီး ငြိမ်းသတ်နေကြသူတွေ

လည်း ရှိပါ၏ ။

ကျွန်တော် သည် ယခုနွေ အမေ့ရွာအပြန်တွင် ကြုံတောင့်ကြုံခဲ ပန်းပင်ကုန်းရွာ တောဘုရားပွဲခင်းကလေးနှင့် ကြုံခဲ့ရသေးသည်။ ညီမ ဖြစ်သူနှင့် တူတော် မောင်များ ပူဆာသဖြင့် ပွဲခင်းရောက် ဖြစ်သေးသည်။ လေးကောင်ဂျင်ဝိုင်းများ တရစပ်ပါတကား။ သစ်သားသေတ္တာ ပြားရှည်ရှည်ကို ဖွင့်၊ တစ်ခြမ်းကို အခင်း၊ တစ်ခြမ်းကို ထောင်၊ ထောင်လျက် အခြမ်းပေါ်က အံစာကို သုံးလုံးကို ကြိုး နှင့် မောင်းခလုတ်ကို ဆွဲချ။ အောက်သေတ္တာအခြမ်းထဲကျ။ ပေါ်သည့် အကောင်ပေါက် ကောင်။ ဟိုစဉ်ကလို တောင်းလေး ခွက်ကလေးနှင့် မအုပ်တော့။ မျက်မြင် ခေတ်မီလာပြီ။ ကစားသမား လူလည်တွေ ကြား မအူမလည် ကျွန်ုပ်တို့ ရွာသားများ ပါလာတာလေးတွေ ပြောင်ကုန်ကြသည်။

ကျွန်တော် တို့ရွာရောက်တော့ ထုံးစံအတိုင်းပင် ငယ်ပေါင်းသူငယ်ချင်းများ ဝိုင်းအုံလာကြ၏ ။ ထမ်းဖိတ်သူ ဖိတ်၏ ။ ကွက်သစ်က လှထွန်းကြီးလည်း ခါးကိုင်းနေပြီ။ သူ့ဇနီးအသိန်းလည်း ပိန်ယဲ့ယဲ့။ ငယ်က ယောင်ပေစူးနှင့် ဖိုးကျော်ဝ၊ ယခုတော့ လယ်သမားကြီး ဦးကျော်လွင်၊ ငယ်ငယ်င သူငယ်ချင်း ငပေါက်၊ ယခုတော့ အငြိမ်းစားစစ်ပြန် လယ်သမားကြီး ဦးလှထွန်း၊ ငယ်ငယ်က ဖိုးတင်းစွန်း၊ ခုတော့ ကျောင်းဝေယျာဝစ္စ ဂေါပကအဖွဲ့ဝင် ဦးတင်စန်း၊ အဟမ်း .... အဟမ်း ပြောင်းလဲလာကြပြီ။ ဩော် ..... အသက်တွေ လည်း ရလာကြမှကိုး။

“ထန်းရေတွေ ပေါသလား

အပျိုတွေ ချောသလား

တော့ဓလေ့ စိတ်ကူးမယဉ်နိုင်

ခရီးနှင် လမ်းကြမ်း

လှမ်းကြမ်းကဆောင့်၊ ခါးက အောင့်ပေ့ါ။

တောင့်ထားအောင်မောင်း

မိုးကောင်းတော့မယ်။”

ဟိုစဉ်ကဆိုလျှင် မြို့ အလာ “လောကမာန်အောင်” ဘုရားကြီးနံဘေး ထန်းတဲကလေးမှာ သူငယ်ချင်းတစ်စု ထန်းရေခါးလုသောက်ခဲ့ကြသည်။ ဖုန်ထူကျွဲလမ်းက လျှောက်လာရင်း ဘုရားကြီးဆီ လှမ်းမျှော်ကာ ငယ်ဘဝကို အမှတ်ရမိသည်။ တာဆုံး ရွာလှည်းကြုံတိုး၍ စီးလိုက်ခဲ့သည်။ ကျင်းချိုင့်ဖုန်းလုံးထဲလှည်းကဆောင့်၊ ကြာကြာမစီးနိုင်၊ လှည်းသမား ကတော့ “အောင်မောင်းကွ အောင်မောင်းကွ” နှင့် သူ့နွားကောင်းကြောင်း ပြချင်လားမသိ ဒုန်းချသည်။ ကျွန်တော် တို့ငယ်ငယ်က မင်းသားကြီး အောင်မောင်းခြေထိုးအက ကောင်းသဖြင့် ပရိသတ်က “တောင့်ထားအောင်မောင်း” ဟု အားပေးကြသည်။ ထိုစကားသည် နယ်သုံး ဒေသိယစကားအ ဖြစ် တွင် ကျယ်ပြန့်နံ့ သွားသည်။ လှည်းသမား၏ နှုတ်မှ ဤအသံပြန်ကြားရသည်။ “တောင့်ထား အောင်မောင်း မိုးကောင်းတော့မယ်” တဲ့။ နွေနေပြင်းလှသဖြင့် ဖုန်းလုံးထဲ အပူလောင်နေရာမှ ဇွဲတင်းကာ မိုးလကိုကြို ဆိုခြင်း အဓိပ္ပာယ်ထွက်သည့် တကယ့်လယ်ထွက် လယ်သမား စကားပေပဲဟု တွေ းတောကြည့်မိ၏ ။

“လျှောက်ရင်း လျှောက်ရင်း

ကမူကျင်းချိုင့်

ကသင်းရိုးတစ်လျှောက်

ဂျို့ သဘောက် မြောက်မျှား

ကဒူးပင်တွေ က ယားလှချည့်”

အမေ့ရွာအပြန် လှည်းကြမ်းကြုံသော် လည်း ကြာကြာမစီးနိုင်၊ တစ်ဘက်လမ်းခွဲတွင် ဆင်းလျှောက်ရပြန်၏ ။ အထက် ပူ၊ အောက်ပူ ကျွဲလမ်း ဖုန်ထူတော့ ကံသင်းပေါ် တက်လျှောက် ဂျို့ သဘောက်ပင်၊ မြောက်မျှားပင်တွေ နှင့် ငြိ၊ တစ်ကိုယ်လုံး ယားယံနေသည်။ နေပူရှိန်နှင့် ချွေးစီးတွေ နှင့် အမေ့ရွာအပြန်ပါတကား။

စောစောက လှည်းကြမ်းကြီးဆီ လှမ်းမျှော်ကြည့်လိုက်တော့ ဖုန်လုံးကြီးထဲလိမ့်ဝင်ပြီး လိမ့်လိမ့်သွားတာကိုပဲ လှမ်းမြင်ရတော့သည်။

“သည်နယ်တစ်စိုက်

မျှော်လိုက်တိုင်း အပူရောင်

ဖုန်းလုံးနဲ့ မှော င်နေပေါ့ ။ ။”

*

# အရောင်းသမားရဲ့ ဒိုင်ရီ

## (၁)

လူစုသူစု ကြီးကြီးမှာ

ကုန်သည်ကြီးယောင် ဆောင်လိုက်၍

လူစုသူစု မနီးလျှင် လွှာကြီးကို

ဒေါင်တိုက်၍

ကျည်းကန်ရှင်ကြီး

ကျွန်တော် သည် အရောင်းသမားတစ်ဦး၏ ဘဝကို ဖြတ်သန်းခဲ့ဖူးပါသည်။ စာအုပ် အရောင်းသမား၊ ပုတီးအရောင်းသမား၊ ကုန်စိမ်း အရောင်းသမား၊ မုန့်ပို့ အရောင်းသမား၊ ဆေးလိပ်ပို့ အရောင်းသမား စသည် စသည်ဖြင့် ။

သို့သော် ယခုပြန်လည် သုံးသပ်ကြည့်သသည့်အခါ ကျွန်တော် ၏ အရောင်းသမားဘဝကား အောင်မြင်သော အရောင်းသမား မဟုတ်ခဲ့ပါ။ မိမိ၏ ဝါသနာ၊ မိမိ၏ စရိုက်အတွေးအခေါ်ဖြင့် လုံးထွေးကာ မည် သည့်အခါကမှ အောင်မြင်သော အရောင်းသမားတစ်ဦး မ ဖြစ်ခဲ့။

မ ဖြစ်ခဲ့သည့်အပြင် ညွှန်ပြသူများ ကိုပင် ရန်လုပ်ခဲ့ဖူးလေသည်။

ရောင်းရေး ဝယ်ရေး

ဈေးသည်ကောင်းတို့ရဲ့ အင်္ဂါ

ဒေးကာနတ်ဂျိ ဘာပြောခဲ့ပါသလဲ။

သူ့အပြုံး လို

ကိုယ့်အပြုံး ချိုရမတဲ့

ဟုတ်ကဲ့ ကြိုး စားလျက်ပါ။

ကျွန်တော် ကား ခပ်တည်တည်ပင် ကမ္ဘာကျော် တက်ကျမ်းဆရာကြီး ဒေးလ်ကာနက်ဂျီကို အံ့တုခဲ့သည်။ အံ့တုစရာသူ့ကို ပြောပြချင်စရာ ဘဝအတွေ့အကြုံတွေ က ကျွန်တော် တို့မှာ အပြည့်။

ဝေလီဝေလင်း

အနံ့ တသင်းသင်းကြွယ်

စံပယ်တွေ မွှေးသတဲ့

သနပ်ခါးအဖွေးသားနဲ့

ဆံတောက်ကြား တဖားဖားနဲ့

ပါးကွက်ကြီး ပန်းသည်ပျိုလေး

ဈေးရင်းနဲ့ တက်ကြွ။

ဈေးသည်ချင်းချင်း

မနက်ခင်းက စရင်းနောက်ရင်း

ငြိခြင်းကို ဖြေ။

ကျွန်တော် ကုန်စိမ်းရောင်းသမားဘဝ ကျွန်တော် တို့ရဲ့ နံနက်ခင်းများ ဟာ အဲဒီလိုပဲ သားတောင့်သာယာ ရှိခဲ့ဖူးပါရဲ့ ။ သည်အထိတော့ ဒေးလ်ကာနက်ဂျီနှင့် ဘာမှ ပြဿနာ ဖြစ်စရာ မရှိလှပါ။ ဒါပေမယ့် ရောင်းရေး ဝယ်တာဆိုတာ တစ်သမတ်တည်း တွက်လို့မရ။ အထူးသဖြင့် အချိန်လုလုပ်ရတဲ့ ကုန်စိမ်းတွေ ဟာ အချိန်တန်ဖိုးအပေါ် ပိုမှီရပါသဗျ။ သည်လိုနှင့် .....

ချိန်ခါရှိခိုက်

လုံ့လစိုက်မှ

ဝယ်လိုက်ကြနော်

ဈေးခေါ်မျက်နှာ

အသံပြာဟစ်၊ အရစ်ကျ မပြုံး နိုင်။

ကျွန်တော် တို့ရဲ့ ရောင်းရေး ဝယ်တာ ဒေနဂ်ဗျူဟာ အတတ်ပညာအရ အော်ဟစ် ရောင်းရရင်း အသံတွေ ပြာလာပါရော။ သည်တော့လည်း မနက်ခင်းကလို မလတ်ဆတ်တော့ဘူးပေါ့။ ဈေးသည်တို့ရဲ့ သဘာဝ အမြတ်ရှိသလို အရှုံးနှင့် ရင်ဆိုင်ရတဲ့ အခါလည်း မနည်းပါဘူး။

တကယ်တော့ အရောင်းသမားတစ်ဦးရဲ့ ဘဝဟာ နောက်တွန့်စရာ မဟုတ်ပါ။

ကန်တော် မင် ကျောင်းဆရာတော် စတဲ့ ရဟန်းပညာရှိ၊ လူပညာရှိများ က လောက လူသားတို့ ကြီးပွားရာကြီးပွားကြောင်းကို ရှေ့ရှုပြီး စကားတစ်ရပ်မိန့်ကြားခဲ့ပါတယ်။ "ဇီးပွားကို လိုသော် ကုန်သွယ်" တဲ့။

ပီမိုးနင်း၊ ဦးပဂိုဇို၊ ဦးခ စတဲ့ဆရာကြီး များ ကလည်း ဤနည်းနှင့် ဆံးမနိုးဆော်ခဲ့ဖူးပါရဲ့။ ဒေးလ်ကာနက်ဂျီ၊ ဟားဗတ်ကက်စင်၊ နပိုလီယံ ဟီးလ်စတဲ့ ရောင်းရေး ဝယ်တာ ကိစ္စများ မှာ ပါးနပ်ဖို့ တိုက်တွန်းခဲ့ကြဖူးပါသည်။ စံပြအရောင်းသမား၊ အကောင်းဆုံး အရောင်းသမား ဖြစ်ရန်လည်း တက်ကျမ်း အစောင်စောင်က ညွှန်ပြဆဲ့ပါပဲ။

အရောင်းသမားဟူသည် လုပ်ငန်းငယ်လျှင် ဈေးသည်။ လုပ်ငန်းကြီးလျှင် ကုန်သည်ဟု မှတ်ယူရန်ရှိသော်လည်း ကိုယ်ပိုင်ကုန်ကို ကိုယ်တိုင်ရောင်းချခြင်း၊ အရောင်းဝန်ထမ်းများ လည်း ရှိတတ်ကြပါ၏ ။

အရောင်းသမားအကြောင်း စဉ်းစားလိုက်တိုင်း ကျွန်တော် သည် စာရေးဆရာကြီး ဂေါ်ကီကို သတိရမိပါသည်။

ဆင်းရဲသားဘဝမှ အခြေခံစခဲ့၍ မိမိနှင့် ဘဝတူများ အား စာနာခဲ့သည့် စာရေး

ဆရာကြီး သည် သူ့ဘဝတစ်ကွေ့၌ ပန်းချီအရောင် းသမား ဖြစ်ခဲ့ဖူး၏ ။ ပန်းချီခန်းတစ်ခုမှာ သူအရောင် းသမားလုပ်စဉ် ထိုပန်းချီခန်းသို့ ပိုက်ဆံရှိ မိန်းမဝဝကြီးတစ်ဦး ပန်းချီကား အဝယ်ရောက်လာသည်။

ထိုမိန်းမကြီးက ပန်းချီခန်းထဲ ဟိုသည်လျှောက်ကြည့်ပြီး ပန်ချီကားတစ်ချပ်ကို စိတ်ဝင်စားသည်။ အရောင် းသမားဂေါ်ဂီက ထို အဒေါ်ကြီး စိတ်ဝင်စားသည့်ကားမှာ အရည်အသွေး ညံ့ဖျင်းလှသဖြင့် စကားအလိုက်အထိုက် အကြိုက်လိုက် မပြောနိုင်ဘဲ ဖြစ်နေသည်။ ထိုကားမှာ အလွန်ညံ့တဲ့ ကား ဖြစ်ကြောင်း ခပ်ရှင်းရှင်းပြောပြီး အရည်အသွေးကောင်းသည့် အခြားကားတစ်ကားကို လိုက်ပြသည်။ ဝယ်မည့် အဒေါ်ကြီးက ဂေါ်ဂီပြသည့် ကားကို မကြိုက်။ ကြာတော့ စိတ်ပျက်ကာ မဝယ် ဖြစ်ဘဲ ပြန်ထွက်သွားခဲ့သည်။

သိပ်မကြာလှ ထိုအကြောင်းကို ပိုင်ရှင်သိသွားကာ ဂေါ်ဂီနှင့် စကားများ တော့သည်။ မသိသူကို ညာမရောင် းချင်ကြောင်း ဂေါ်ဂီက သူ့သဘောထားကို ဘွင်းဘွင်း ဖွင့်ပြောသည်။ အကျိုး ရလဒ်ကား ဂေါ်ဂီအရောင် းသမား အလုပ်ပြုတ်ခဲ့ပေသည်။

ကျွန်တော် တို့ရဲ့ အရောင် းသမား ဘဝအကန့်ကို ခေတ္တထား၍ ဂေါ်ဂီ၏ အရောင် းသမားတစ်ကွေ့ကို ဒေးလ်ကာနက်ဂျီမည် သို့ သုံးသပ်မည် နည်း။

(၂)

ကျွန်တော် ၏ ကိုယ်တိုင် မအောင်မြင်သော အရောင် းသမား အ ဖြစ် စာရေး ဆရာကြီး ဂေါ်ဂီ၏ မအောင်မြင်သော ပန်းချီအရောင် းသမားဘဝတစ်ကွေ့ကို တင်ပြမိသဖြင့် အနိဋ္ဌာရုံကိုချည်း ရှေ့ရှုတင်ပြသည်ဟု မယူမှတ်စေလိုပါ။ အောင်မြင်သည့် ပန်းချီအရောင် းသမား တစ်ဦး အကြောင်းလည်း တင်ပြလိုပါသေးသည်။

အင်္ဂလိပ်စာရေး ဆရာကြီး ဟပ်စလေ (Aldous Huxley) ၏ ရုပ်ပုံလွှာ (The

Portrait) ဆိုသည့် ဝတ္ထုတစ်ပုဒ်ကို ကျွန်တော် ဖတ်မိလိုက်ပါသည်။

ပန်းချီကား အရောင်းပြခန်းတစ်ခုကို တစ်နေ့တွင် မြောက်ပိုင်းသား အင်္ဂလိပ်ကြီးတစ်ဦး ရောက်လာကာ ရှေးပန်းချီဆရာကြီးများ ဖြစ်သည့် ရမ်းဘရင့်၊ ရေနွေးစ သူတို့၏ ကားများ လိုချင်ကြောင်း ပြောပါသည်။ ပြခန်းပိုင်ရှင် မဒ္ဒတာဘစ်ဂါးက ဆီးကြိုကာ ရနိုင်ကြောင်းပြောပြီး ဗင်းနစ်ပန်းချီကားတစ်ကားကို ပြသည်။ ဝယ်မည့် သူ အင်္ဂလိပ်ကြီးက သူသည် မနောအိပ်ကြီးတစ်လုံးကို ဝယ်ပြီး အိပ်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်းတစ်ခုခုမှာ ချိတ်ဖို့ လိုချင်ကြောင်း ခပ်ကြွားကြွားပြောသည်။ သမီးလည်း ပန်းချီဆွဲတတ်သူ ဖြစ်ကြောင်း ကြွားလိုက်သေးသည်။

ပြခန်းပိုင်ရှင် အရောင်းသမားမစ္စတာဘစ်ဂါးက "ရှေးပန်းချီကားဆိုတာ လူနေမှု မြင့်မားခြင်းရဲ့ သင်္ကေတပါပဲ" ဟု မြှောက်ပြောရာ ဝယ်မည့် သူ သဘောကျသွားသည်။သို့ နှင့် ဆယ်ရှစ်ရာစုအလယ်ပိုင်း မျက်နှာခပ်ပြည့်ပြည့် မျက်နှာဖုံးအနက် ကိုင်ထားသည့် မိန်းမတစ်ဦးပုံကို ပြသည်။

ဝယ်မည့် သူ သဘောကျ၏ ။ သို့ သော် ရှေးလက်ရာဟူသည် ခပ်မှိန်မှိန် ဖြစ်ရမည် ။ ယခုလက်ရာမှာ အရောင် လွင်သည်ဟု ဆိုနေရာ ရောင်းသူက ဗင်းနစ်ပန်ချီကားတို့၏ သဘောပြောပြကာ ဤ ပန်းချီကား၌ နောက်ခံဇာတ်လမ်းရှိကြောင်းပါ ပြောပြသည်။

ထိုပန်းချီကားကို ဘိုးဘွားပိုင် အိမ်ကြီးတစ်လုံးက ရခဲ့ကြောင်း ထိုပုံမှာ လော့ဒ်အားလ်ဟမ်မိုး ဆိုသူ၏ ဇနီးပုံ ဖြစ်ကြောင်း ယောက်ျားက ဂီတဝါသနာပါ၊ မိန်းမက လောင်းကစား ၊ အဝတ်အစားနှစ်သက် ။ တစ်နေ့ ဇနီးပုံတူ ဆွဲစေရာ ပန်းချီဆရာငယ်နှင့် ချစ်ကြိုက်။ ယောကျာ်း၏ ရတနာသေတ္တာကိုယူ၍ ထွက်ပြေးမည် လုပ်၊ သို့ သော် သိသွား၊ ပန်းချီဆရာ၏ ပန်းချီခန်းထဲမှ ရတနာသေတ္တာကို ယောက်ျားက ပြန်ယူသွား၊ ပန်းချီဆရာက ရှိသည့်ပိုက်ဆံလေးဖြင့် ထွက်ပြေးရန်ပြောရာ မော်ဒယ် လေဒီဟက်မိုးက "နောက်ဆုံးတော့ မိန်းမရတဲ့နေရာဆိုတာ အိမ်ပါပဲ။ မိသားစုပိုင် စိန်ရွှေရတနာဆိုင်တွေ နှင့် အိမ်ပါပဲ" ဟုပြောကာ သူ့အိမ်ပြန်သွား၊ ယောက်ျားကကြိုနေ။ ပန်းချီကားယူခိုင်းပြီး နောက်တစ်လအကြာ

ဇနီးမောင်နှံ အင်္ဂလန်ပြန်သွား၊ ထိုပန်းချီကားပါ ပါသွားကြောင်း။

ပြခန်းပိုင်ရှင်က ပန်းချီကားဇာတ်လမ်းကို အသေးစိတ်ပြောပြရာ ဝယ်မည့် သူ့က စိတ်ပါလာ "ဒီကားကို ထမင်းစားခန်းမှာ ချိတ်ထားပြီး ဧည့်သည်ကို ပန်းချီကားရဲ့ ပုံပြင်ကို ပြောပြလျှင် သဘောကျမည် ။ ဇာတ်လမ်းအသေးစိတ်ကလေးပါ ပါအောင် လက်နှိပ်စက် တိုက်ပို့ပေးပါ့ဟုဆိုကာ အပေါင်ခြောက်ရာ့ရှစ်ဆယ်နှင့် အရောင် းအဝယ် တည့်သွားသည်။

ထို့နောက် ဧည့်သည်တစ်ဦး ပြခန်းရှင်ကို တွေ့လိုကြောင်း လာပြော၊ သွားတွေ့ရာ ထိုပန်းချီကားဆွဲသူ ပန်းချီဆရာလေး ဖြစ်၍ နွမ်းပါးလှသည်။ (ဇာတ်လမ်းထဲက ပန်းချီဆရာတော့ မဟုတ်) ပန်းချီကားဖိုး လာတောင်းရာ ပေါင်နှစ် ဆယ်တောင်း၍ ပြခန်းရှင်က နှစ် ဆယ့်ငါးပေါင် ပေးလိုက် သည်။ သူ့လက်ရာ နောက်ထပ်ယူရန် ပြောရာ ကိုယ်တိုင်ဆွဲသည်ကို မလိုချင်ကြောင်း၊ ရှေးပန်းချီဆရာကြီး များ ၏ လက်ရာအတုဆိုလျှင် လိုချင်ကြောင်း ပြခန်းရှင်က ပြောသည်။

"နောက်ထပ် ဗင်းနစ်လက်ရာ တစ်ခုပေ့ါဗျာ" တဲ့။

ဟပ်စလေ၏ ထို ဝတ္ထုတိုကို ကျွန်တော် စွဲနေမိသည်။

ထိုဝတ္ထုမှ ပန်းချီကား အရောင် းသမား ပြခန်းရှင်သည် သူ့ပန်းချီကားကို အစစ်ဟုတ်သည် မဟုတ်သည်အပထား။ စွံအောင် ရောင် းနိုင်သည်။ ယုတ္တိယုတ္တာရှိအောင် ပြောနိုင်သည်။ ဝယ်သူလည်း စိတ်ဝင်စားသည်။

သို့ သော် ကျွန်တော် သည် ထိုပြခန်းပိုင်ရှင်ကို သဘောမကျ။ သူ့လိုမလုပ်ချင်။ အဲ .... အညာခံရမှန်းသိလျက် ဝယ်သူမြောက်ပိုင်းသား အင်္ဂလိပ်ကြီး နေရာတော့ ဝင်ကြည့်မိသည်။

ကျွန်တော့်၌ ငွေကြေးကြွယ်ဝလျှင် ထိုအင်္ဂလိပ်ကြီးကဲ့သို့ မိတ်ဆွေတွေ ဖိတ်ကာ ညစာစားပွဲလုပ်၊ ပန်းချီကားပြ၊ ဇာတ်လမ်းပြောပြချင် ပြောပြနေမိမည် ။ ဟပ်စလေ၏ ဝတ္ထု ထဲမှ တကယ့်ပန်းချီဆရာ၏ ဘဝကိုတော့ စာနာမိသည်။ အမှန်ပင်။
ပြခန်းတင်ထားသည့်ကားကို ပေါင်နှစ် ဆယ်တောင်းရာ ပြခန်းရှင်က နှစ်

ဆယ့်ငါးပေါင်ပေးသဖြင့် တကယ့်ကြင်နာသူကြီးဟု မှတ်ထင်ကာ ကျေးဇူးအထူးတင်နေမိသည်။ တကယ်တော့ ထိုပန်းချီကားကို ပြခန်းရှင်က ပေါင်ခြောက်ရာ့ရှစ်ဆယ်နှင့် ရောင်းလိုက်ပြီ။ အနုပညာတို့၏ ဘဝကား အရောင်းအဝယ်သဘောကို မစောကြောမိ။ ကိုယ့်အနုပညာကိုသာ ကိုယ်အာရုံထားသည်။ သို့သော် ကိုယ်ပိုင်ဖန်တီးခွင့်ကား အားနည်းလှသည်။ ကိုယ်ပိုင်လက်ရာသည် ဈေးကွက်နှင့် မကိုက်၊ မဝင်နိုင်ဘဲ ရှိနေသည်။ ထိုအခါ ရေးလက်ရာအတု "အပ်ထည်" ကိုပင် ဈေးကွက်ဝင် လုပ်ပေးနေရသည်။ ဤသည်မှာ အနုပညာသားတို့ ကြုံတွေ့ရသည့် သံသရာပင် ဖြစ်၏ ။

ကျွန်တော် ကား အောင်မြင်သည့် အရောင်းသမား ဖြစ်ဖို့ထက် အခွင့်ရလျှင် ခံစားခွင့်ရှိသူ၊ ခံစားချင်သူသာ ဖြစ်ချင်သည်။ တစ်ခါတစ်ရံ စိတ်လိုလက်ရ အနုပညာမှု ကို ခံ့ခံ့မင်မင် စိတ်ကြိုက်ဖန်တီး ဖြစ်သည့်အခါလည်း ရှိချင်မိသည်။

ထိုစိတ်ဓာတ်အခံမျိုး ရှိသူသည် အဘယ်မှာ အောင်မြင်သော အရောင်းသမား ဖြစ်နိုင်ပါမည် နည်း။

(၃)

ဖိတ်ခေါ်မေးမြန်း စုံးစမ်းရွေးချယ် ပေးဖွယ်အပို၊ ဆိုဖွယ်လောကွတ် ခြောက်ပါးမြွတ်၊ ကျင့်အပ်ဈေးသည် ဝတ်တဲ့။

ရှေးခေတ်က မန္တလေးဈေးချိုသူတို့ သူ့ခေတ်နှင့် သူ တွင် ကျယ်ခဲ့သည့် ဈေးသည်တို့၏ ဆောင်ရန်ကျင့်ဝတ် ဖြစ်ပါသတဲ့။ ဆရာမ ရွှေဘိုမိမိကြီးက သူ့ရဲ့ "ရွှေရည်မင်းစံ" ဆောင်းပါးများ စာအုပ်မှာ တင်ပြထားတာ ဖတ်ရတော့ ဝမ်းသာသွားမိပါသည်။ ယခင်ကဆိုသော် လည်း ယခုလည်း အံ့ဝင်ခေတ်မီဆဲ ကျင့်ဝတ်များ ပါပဲ။

ဝယ်သူကို ဖိတ်ခေါ်ရမယ်။ ဘာအလိုရှိပါသလဲ။ မေးမြန်းရမယ်။

ဘယ်လိုပစ္စည်းလဲ ဂဃနဏ သိအောင် စုံစမ်းရမယ်။ ဝယ်သူရဲ့ အကဲသိပြီးတော့ စိတ်ရှည်ရှည် ရွေးချယ်ပေးရ၊ ပြရမယ်။ ဈေးတည့်ပြီး ငွေချေပြီးတောင်မှ ရင်းနှီးမှု ရအောင် ဝယ်သူရဲ့ အရပ်ဒေသ စသည်မေးရမယ်။ ဝယ်သူဆိုင်ထဲက ထွက်တောင်မှ နောက်လာချင်အောင် လောကွတ်ပျူငှာ စကား ဆိုရမယ်တဲ့။ ကဲ ဘယ်လောက်ကောင်းလိုက်ပါသလဲ။ ထိုဆောင်ရန် အချက်များ နှင့် မိမိ၏ အရောင်းသမားဘဝ ပြန်ကြည့်လိုက်သည့်အခါ .....

နေကလည်းပူလာ

လူကလည်း ကျဲပါး

ရောင်းအားက မလိုက်

ခေါင်းတွေ က ကိုက်သလို

လူတစ်ကိုယ်လုံး ချွေးတွေ ဖုံး

ဖုန်လုံးထဲ နှံးချို

ရနံ့မသိ၊ ပန်းမသိတော့

မြုံး မိသည့် ငါးကလေးများ

ဒေးလ်ကာနက်ဂီ သိပ့်မလား ......။

ဟိုတုန်းက မိမိရောင်းရတဲ့ လမ်းဘေးဈေးသည်ဘဝ၊ ရောင်းရတဲ့ ကုန်က အချိန်လုရတဲ့ ကုန်စိမ်း၊ ထိုဈေးသည်တို့၏ ပတ်ဝန်းကျင်အခြေအနေ ကာလနှင့် ကြုံရတဲ့ အတွေ့အကြုံကို အခြေခံပြီး လမ်းညွှန်သူတွေ ကို ခြေကန်လိုက်ခြင်းပါပဲ။ "ရန်လို၊ ညှိုးရော်၊ ဆိုင်ပေါ်ရှုပ်ထွေး၊ ကိုယ်နေမသစ်၊ ပဆစ်ကြွေခံ၊ မတန်ဝတ်စား၊ ဤခြောက်ပါး ရှောင်ရှား ပယ်အပ်စွာ ...." တဲ့။

ရွှေဘိုမိမိကြီး၏ စာအုပ်မှာ ဈေးသည်တို့ ဆောင်ရန်သာမက ရှောင်ရန်ပါ တင်ပြထားပါသည်။

- ရန်စကားပြောသလို ဒေါသသံ မပါရ။

- ညှိုးငယ်စရာ ကိုယ်ရေး ကိုယ်တာ ရှိသော်မှ မျက်နှာနွမ်းညှိုးမနေရ။ (ဝယ်သူရှောင်တတ်သည်။) - ဆိုင်ပေါ် ရှုပ်ထွေးမနေစေရ။

- အနေအထိုင် ညစ်ပတ်မနေစေရ။

- ကြွေအံပစ်နေတာမျိုး ၊ ကျားထိုးနေတာမျိုး ၊ ရုပ်ပြချည်း ဖတ်နေတာမျိုး ၊ ဈေးသည် အလုပ်မှာ အနှောင့်အယှက် ဖြစ်စေတဲ့ အလေ့အထမျိုး မလုပ်ရ။

- တန်သင့်ရုံ ဝတ်ဆင်ရမယ်။ မတန်တဆ ကြွားဝါမဝတ်ဆင်ရတဲ့။

ကျွန်တော် ရဲ့ အရောင် းသမားဘဝကို ပြန်လည်သုံးသပ်ကြည့်တော့ ရှောင်ရန်တွေ ကို ဆောင်မိနေတာ များ ပါတယ် ထင်ပါရဲ့ ။ စာအုပ်ရောင် းရင်း ဝယ်သူကို ဂရုမစိုက်၊ ချက်စ်ထိုးနေမိတာ များ ပါပဲ။ ဝယ်သူကို စိတ်ဝတ်တစား မေးမြန်းပြောဆိုရမယ့်အစား မိမိနှင့် ယှဉ်ပြိုင်ဖက်ရဲ့ အားနည်းချက်ကို စစ်ဘုရင်ခံပေါ်မှာ ရှာဖွေနေမိတယ်။

သူ့ဘက်တာကို သူဘယ်လို လုံခြုံအောင် လုပ်နေသလဲ။ ဘယ်ခြေပြပြီး ညာခြေနှင့် ကစ်ဖို့ကြံနေသလား။ သူ့ရဲ့ ပါဝါကြီးတစ်ကောင် (ဘုရင်မ) က ဘာတွေ အသေခံရှေ့တက်ခိုင်းပြီး နောက်က စစ်ကဲကို မောင်းကာ သူက ဘုရင်နားမှာ အမာခံကပ်နေသလား။ ကိုယ့်ဘက်က ပါဝါကြီးတွေ ကကော ကြက်ရေး ငှက်ရေး (နိဂုံးပိုင်း) မှာ အသေခံ အကျခံ စွန့်စားရဲရဲ့ လား။

အဲဒီ လို တစ်နံ့တလျားတွေ းတောရင်း နိုင်ခြေရှိမှ တိုက်၊ နိုင်ခြေမရှိ မတိုက်နှင့် ဦးဆိုတဲ့ စစ်ပညာရှင်ကြီး ဆွန်ရှူးရဲ့ အဆိုအမိန့်တွေ ပါ နားထဲဝင်လာတော့ ကျွန်တော် သည် ဈေးသည် မဟုတ်တော့။

အရောင် းသမားရဲ့ ဒီဇိုင်း .....

ကိုင်း .... ရှာရင်း .... ရှာရင်း .....

ရှာရင်း .... ရှာရင်း ......။

*

# ကလောင်ထမ်း၍ အိမ်ခန်းရှာသူ

## (၁)

“တို့နှစ် ယောက် ကိုယ့်မြေကိုယ့်ယာလေးနဲ့ နေကြမယ် အကြောင်းတွေ ငါ့ကို ပြောပြပါဦး၊ နားထောင်ချင်လွန်းလို့။”

ဂျွန်းစတိန်းဘတ် - ကိုယ့်မြေကိုယ့်ယာဝတ္ထု

ကျွန်တော် သည် ယခုလောကတွင် မြေယာနှင့် ပတ်သက်သည့် စာပေတို့ကို မကြာခဏ သတိရမိ၏ ။ စာရေး ဆရာကြီး ဂျွန်းစတိန်းဘတ်၏ မကြာခဏ သတိရမိ၏ ။ စာရေး ဆရာကြီး ဂျွန်းစတိန်ဘတ်၏ “ကိုယ့်မြေကိုယ့်ယာ” ဝတ္ထုတွင် သူငယ်ချင်းနှစ် ဦး တစ်သက်လုံး ကျွဲလို နွားလို ရုန်းလုပ်ရင်း ကိုယ်ပိုင်မြေယာကလေးနှင့် နေထိုင်နိုင်ရန် စိတ်ကူးယဉ်ကြသည်။ “ဂျော့”က သူ့ သူငယ်ချင်း (ကျပ်မပြည့်သော် လည်း စိတ်ထားကောင်း ရှိသည်။) “လင်နီ” အား ကိုယ့်မြေကိုယ့်ယညကလေးနှင့် တစ်နေ့တွင် ဘယ်လို နေထိုင်ကြမယ်ဆိုသည်ကို ပုံပြောသလို ပြောပြခဲ့သည်။ လင်နီကလည်း အလုပ်မည် မျှ ပင်ပန်းပင်ပန်း ထိုအကြောင်းနားထောင်ရလျှင် စိတ်ကူးဖြင့် ကြည်နူးရင်း အမောပြေသည်။ မကြာခဏ ပြောခိုင်းသည်။ သို့သော် အလွန်ချစ်သော သူငယ်ချင်းကို မတတ်သာသဖြင့် (အများ အတွက် အန္တရယ် ရှိသဖြင့် ) နောက်ဆုံးသတ်လိုက်ရပုံကို ရင်နင့်စဖွယ် ဖတ်ခဲ့ရပေ၏ ။

ဂျွန်စတိန်းဘတ်၏ ကမ္ဘာကျော်ဝတ္ထုကြီး တစ်ပုဒ် ဖြစ်သည့် “ဒေါသမာန်” (The Grapes of Wrath) တွင် လည်း အမေရိကန်ပြည် အိုကလာဟိုးမားပြည်နယ်ကို နောက်ခံပြု ကာ ၁၉၃၀ ပြည့်နှစ် က စီးပွားပျက်ကပ်ကြောင့် မြေမဲ့ယာမဲ့ ဖြစ်သွားကြသော မြေယာသမားတို့၏ ဘဝကို အခြေခံကာ ဖော်ကျူး ခဲ့ပေသည်။ မြေတန်ဖိုးကို ကိန်းဂဏာန်းဖြင့် သာ တွက်ဆကြသည့် ဘဏ်သူဌေးကြီးများ နလုံးသားမာကြောကြပုံကို ထိုဝတ္ထုတွင် ဖော်ပြထားသည်။

အမေရိကန်စာရေး ဆရာမ ကြီး ပါးလ်အက်စ်ဘတ်သည်လည်း “မြေပဒေသာ” ဝတ္ထုကြီးကို ရေး ခဲ့သည်။ ထိုဝတ္ထုတွင် မြေကြီးနှင့် ဖက် အလုပ်လုပ်ရသည့် တရုတ်လယ်သမားတစ်ဦး ဖြစ်သူ “ဝမ်လန်း” ၏ ဘဝကို ဖော်ကျူး ရင်း မြေယာလုပ်သားတို့ဘဝကို တင်ပြခဲ့သည်။

ကမ္ဘာကျော် အိန္ဒိယစာရေး ဆရာကြီး ပရမ်ချန်သည်လည်း “ဂိုဒါန်” ဝတ္ထုကြီးဖြင့် အိန္ဒိယ လယ်သမားတို့၏ အကြောင်းကို ဖော်ပြခဲ့သည်။

ဒေါက်တာအာနန်ရေး သည့် “ကူလီ” ဝတ္ထု၌ ကျော်တစ်နေရာခင်းရန်အိပ်ဖို့နေရာ မရှိသဖြင့် တစ်ညလုံး လျှောက်သွားနေရသည့် ကူလီဘဝကို တင်ပြထားပေသည်။

ဤသို့ ဖြင့် ကမ္ဘာ့စာပေ အသီးသီးတွင် မြေနှင့် ဖက်၍ လူသားတို့အကျိုး အတွက် ထွန်ယက်လုပ်ကိုင်သူတို့၏ ပင်ပန်းဆင်းရဲမှု ကို ဖတ်ရှုရကဲ့သို့ ကျောတစ်နေရာစာ မရှိဘဲ နေ့စဉ်ကုန်းရုန်း လုပ်နေရသည့် လူများ အကြောင်းကိုလည်း သိရပေသည်။

လူပုဂ္ဂိုလ် အနေဖြင့် ကိုယ်ပိုင်မြေယာများ လက်ညှိုး ထိုးမလွဲ ပိုင်ဆိုင်သည့် စာရေး ဆရာကြီး ကောင်လီယိုစတော် တွိုင်းသည် မိမိပိုင်ပစ္စည်းများ ကို ငြီးငွေ့ကာ “လူတစ်ကိုယ်မြေမည် မျှလို သနည်း” ဟု အမေးပုစ္ဆာထုတ်ကာ သရော်စာ

“မြန်မာတစ်ပြည်လုံး အကုန် ကိုယ်အိမ်မှတ်ပါ။ ကိုယ့်ယာမှတ်ပါ” ဆိုသည့် ကျွန်ုပ်တို့၏ ဇာတိမာန်သီချင်းတစ်ပုဒ်ကိုလည်း သတိရမိပေ၏ ။ ထိုအခါ ကျွန်တော် သည် ဥန္နစတိန်းဘက်ကို ရင်ကော့ပြချင်သလိုလို ဒေါက်တာအာနန်ကို လက်မထောင်ပြချင်သလို သလိုဖြင့် ဇာတိပုည ဂုဏ်မာနကလေး အူကြွလာမိပေ၏ ။ ထိုအခါ မောင်ထင်၏ “ငဘ” မန်းတင်၏ “ကိုဖိုးလုံး” ၊ဆင်ဖြူကျွန်းအောင်သိန်း၏ “ကိုဆေးရိုး” ၊ ဗန်းမော်တင်အောင်၏ “ငြေ” ၊ ဇဝန၏ “ရွှေဝါဆန်” မှ ချစ်ခိုင်၊ ရန်ကုန်ဘဆွေ၏ “ရွှေဝါပြည်” မှ ငထက်ခိုင်မာစသည် စသည့်ကျွန်ုပ်တို့၏ ဇာတ်ဆောင်များ သည် ရှုတည်တည်ဖြင့် ကျွန်ုပ်ကို ကြည့်ချေ၏ ။

သူတို့ ကျွန်ုပ်ကို သတိပေး၍ မဆုံးမီပင် ကိုယ်ရေး ကြုံလာရပေသည်။

တစ်နေ့တွင် ကျွန်တော် အလုပ်လုပ်ကိုင်နေသည့် အလုပ်တိုက်ရှိရာ ရပ်ကွက်ကလေး ပြောင်းဖို့ ရွှေ့ဖို့ ကြုံလာရပေသည်။ တဲပုတ်မှ တိုက်တာသို့ ဆောင်ပုဒ်အရ ပြောင်းရွှေ့ရမည် ဟု သိပေသည်။ အဆောက်အအုံ ဆောက်ရန် အနည်းဆုံး၊ တစ်နှစ် ကြာမတဲ့။

ထိုသတင်းနှင့် အတူ ကျွန်ုပ်တို့ရပ်ကွက်တွင် အသံဗလံများ ကြားလာရပေသည်။ ဝါးခယ်မ လယ်ကွင်းပြင်က ကောက်ပင်ကလေးများ အိပ်ပျော်ရာမှ နိုးထလာကြပေသည် ဟု ဆရာမ ကြီး ခင်နှင်းယုဖွဲ့သကဲ့သို့ အတော် အတန် ငြိမ်သက်နေရာမှ ကျွန်ုပ်တို့ရပ်ကွက်ကလေး နိုးထလာခဲ့ပေသည်။

ထိုအထဲ၌ ကျွန်တော် လည်း ပါ၏ ။ မဂ္ဂဇင်း အပါးကလေးတစ်အုပ်ကို လစဉ်စီစဉ် ပြုလုပ်နေရာမှ ဤသို့ တိုက်အပြောင်းအရွှေ့ကြုံလာရသည့်အခါ စာပုံနှိပ်စက်ကြီးပဲ တွန်းရွှေ့ရတော့မလို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်မိပေ၏ ။

ကွန်ပြူတာလုပ်သားများ ၊ တည်ငြိမ်ဏ္ဍြေရနေဆဲ ကျွန်ုပ်တို့ ဂူတင်းဘတ်၏ ခဲစာလုံး ဘက်တော် သား စာစီ၊ ဖိုမင် လုပ်သားများ အပါအဝင် အယ်ဒီတာမင်း ကျွန်ုပ်အပါအဝင် မျက်လုံး ပြူး ရချေ၏ ။

တိုက်ရှင် ဆရာမ လေးလည်း သတ်ပုံသတ်ညွှန်းနှင့် စာရင်းဇယားများ အကြား ပြုပြင်လိုက်၊ စာရင်းတွက်လိုက်၊ ခေါင်းမြှုပ်တားရာမှ ရပ်ကွက်အတွင်း း အသံဗလံများ ကြားလာရသည့်အခါ လောကဓာတ်ကြီးအား ခေါင်းထောင်လျက် မျက်လုံးဝေ့၊ နားစွင့်ခြင်း ပြု ပေ၏ ။

ဤသို့ ဖြင့် ကျွန်ုပ်သည်လည်း နေရာရှာ ဗျာများ ရတော့သည်။ ဟိုမေး သည့်စမ်းဖြင့် သတင်းဖြန့်လျက် မိတ်ဆွေအပေါင်းအသင်းများ အား ပြော ကြားရ၏ ။

ကျွန်ုပ်တို့ သတင်းကြားရသည့်အခါ မြေလျှောက်ဝိဇ္ဇာပွဲစားများ တစ်ဦးပြီးတစ်ဦး ပေါ်လာချေ၏ ။

“အနေအထား ဘယ်လို လိုချင်ပါသလဲ။ တိုက်ခံသွပ်မိုး။ ရေမီးစုံ၊ အဆင်သင့်
တယ်လီဖုံးပါ ပါသည်” တဲ့။

ဟုတ်ပေ့၊ တယ်နိပ်ပါလား။ “ဒီလိုဆိုတော့လည်း လောကကြီးက
တယ်သာယာပါလား ကိုကြို့တိုင်းရေး ” ဟု ဆိုရမလို။

“ဟုတ်ကဲ့၊ လခက မများ ပါဘူး၊ တစ်လ ငါးသော င်းတည်းပါ” တဲ့။ ဩော် .....
ဟုတ်ကဲ့ ဟုတ်ကဲ့ ။ စောစောက သာယာနေသည့် လောကဓာတ်ကြီး ပြန်မှော င်သွားသလို
ခံစားလိုက်ရ၏ ။

သို့ သော် မစိုးရိမ်ပါနှင့် ။ ကျွန်ုပ်တို့ အကျိုး ဆောင်လုပ်ငန်းများ ရှိပါသည်။
သင်လိုသည့် အကူအညီ အသင့်ပေးရန် ရှိပါသတဲ့။ အသံတစ်သံ ကြားလာရပြန်သည်။

အမယ် လောကဓာတ်ကြီး ပြန်လင်းလာပြန်ပါပြီလား။

(၂)

စိန်မရှိရင် နေလို့ရပါသည်။ သို့ သော် အိမ် မရှိလျှင် နေလို့ မရနိုင်ပါ။
အိမ်ပွဲစားလုပ်ငန်းသည် ပေါ်ပင်လုပ်ငန်းမျိုး မဟုတ်ပါ။ တစ်သက်တာ စားဝတ်နေရေး
မပူပင်ရသော လုပ်ငန်း ဖြစ်ပြီး သင်၏ ကံ၊ ဉာဏ်၊ ဝီရိယတိုက်ဆိုင်သော နေ့တွင် သင်
ချက်ချင်း သူဌေး ဖြစ်နိုင်သော လုပ်ငန်းတစ်ခု ဖြစ်ကြောင်းနှင့်
သင်တန်းအောင်မြင်ပြီးသူတိုင်းသည် အိမ်ဘုရင်ရုံးခန်းတွင် လုပ်ငန်းအကြံဉာဏ်များ ၊
ဥပဒေရေး ရာအကြောင်းအချက်များ ကို အချိန်အရွေး ရယူဆွေးနွေးပိုင်ခွင့် ရှိပါသည်။

အိမ်ဘုရင်

ကျွန်တော် တို့ အလုပ်တိုက်ရှိရာ ရပ်ကွက် အပြောင်းအရွှေ့ ကိစ္စကြောင့်
ဟိုသည် စုံစမ်းမေးမြန်းရင်း ကြော်ငြာတစ်ခု တွေ့လာရပါသည်။ ထိုအခါတွင် မှ အိမ်၊ခြေ၊ မြေ၊

ရောင် းဝယ် ငှားလုပ်ငန်းသည် ဤမျှကြီးကျယ်သော လုပ်ငန်းကြီး တစ်ခု ဖြစ်ကြောင်း နား မျက်စိ ကျယ်လာရပါ၏ ။ ယခင်က ဒေးလ်ကာနက်ဂျီသည် လူမှု ဆက်ဆံရေး သင်တန်းဖွင့်လှစ်ရာ အကြီးအကျယ် အောင်မြင်ခဲ့သည်။ ကမ္ဘာ အရပ်ရပ်မှ သင်တန်းတတ်သူများ လာရောက်ကြသတဲ့။ ဤသို့ ဖတ်ရှုခဲ့ရစဉ်က အံ့ဩခဲ့သည်။ လူမှု ဆက်ဆံရေး ကို ပညာရပ်တစ်ရပ်လို ဆည်းပူးရမှန်း မသိခဲ့ရိုးအမှန်။ ယခုလည်း သူသူငါငါ အလွယ်တကူ ထလုပ်ကြသည်ဟု ခပ်ပေါ့ပေါ့ တွက်ဆထားသည့် လုပ်ငန်းတစ်ရပ်သည် အိမ်ဘုရင် ကြော်ငြာကြောင့် အလေးထားရမည့် လုပ်ငန်းကြီးတစ်ခု ဖြစ်ကြောင်း ဗဟုသုတ တိုးခဲ့ပေ၏ ။

ကျွန်တော့် တိုက်ရှင် ဆရာမ လည်း ...... ဟိုဟိုသည်သည် အလုပ်ခန်းရရန် တယ်လီဖုန်းလှည့် (အဲ .... အဲ) တယ်လီဖုန်း နှိပ် (အဲ .... အဲ) တယ်လီဖုန်းချိတ် လုပ်နေ၏ ။

ယင်းသို့ ဖြင့် ကျွန်ုပ်တို့သည် အလုပ်တိုက်နေရာ ရှာရေး ပုံနှိပ်စက် ဆက်လည်ရေး အတွက် အကျိုး ဆောင်လုပ်ငန်းများ နှင့် ဆက်မိပြန်၏ ။

အကျိုး ဆောင်လုပ်ငန်း ..... တဲ့။

နာမည် ကလေးက သင်းလှချည့်။

သည်နာမည် ကို မည် သူက စထွင်လိုက်လေသလဲမသိ။ "အများ အကျိုး ဆောင် ကိုယ့်အကျိုး အောင်" ဆိုသည့် ကျွန်တော် တို့၏ ချစ်စရာဆောင်ပုဒ်ကလေးကို ဈေးကွက်စီးပွားရေး နှင့် အံကိုက် ခါတော် မီကျင့်သုံးလိုက်ခြင်းပေကပဲဟု တွေ းတောမိပြန်၏ ။ စေ့ထားတဲ့ တံခါးကလေး၊ စီးပွားရေး လေစိမ်းက ဟိုယိမ်း၊ သည်နွဲ့ တစ်စစချရင်းက ခပ်ဟဟ ဖြစ်လာတော့ သူ့ထက်ငါ လုယက်ကာ အပြိုင်နွဲ့ကြ။ သူကလည်း အကျိုး ဆောင်၊ ငါကလည်း အကျိုး ဆောင်တဲ့။

"လက်ရုံးကြီးမို့ တန်ခိုးပြောင်က ဖိုးမောင်မှာ ဒုက္ခ၊ ဒုက္ခ" ဆိုသည့် အားဆေးကြော်ငြာကို အမှတ်ရမိ၏ ။

အကျိုး ဆောင် ယုံစားမိလို့ ဒုက္ခတွေ့ရသူများ လည်း ရှိရဲ့ ။ တကယ့်တကယ်

လုပ်ငန်းပီပြင်အောင် ဆောင်ရွက်ကြလို့ ခေါင်းထောင်နိုင်သူတွေ လည်း ရှိပါရဲ့ ။

အစက အကျိုးဆောင်တွေ မှီလိုပေါက်၊ နောက်ကျတော့ တဖြုတ်ဖြုတ်နှင့် နတ်သက်ကြွေကုန်ပြန်။

ရုံးခန်းဖွင့်၊ ဆိုင်းဘုတ်နှင့် တယ်လီဖုန်းနှင့် အကျအနဆောင်ရွက်သူရှိသလို ခြေသလုံးအားကိုးဒရွတ်သီထိုး ရွာရိုးလျှောက်နေတဲ့ ဒေါ်ပွဲစားတို့လည်း ရှိသပေါ့။

ရုံးခန်းပွဲစားနှင့် လမ်းလျှောက်ပွဲစား ဘာကွာခြား ပါသလဲ။

ဒါက ဒီလို ရှိပါတယ်။ ရောင်းသူဝယ်သူ အမြန်တိုက်ရိုက် တွေ့ဆုံမေးမြန်းခြင်းဖြင့် အရောင်းအဝယ် အမြန် ဖြစ်စေပါတယ်။ ပွဲညွှန့် ဈေးညွှန့် မစားပါဘူး။ တိုက်ခန်းနှင့် အိမ်မြေတွေ ကို အရှုပ်အရှင်း ရှိမရှိ မဝယ်မီက တိကျစွာ စစ်ဆေးပေးပါတယ်။ ပွဲခကို ကျသင့်သည်ထက် ပိုမယူပါဘူး။ လုပ်ဆောင်ချက် မပေးဘဲနှင့် ပွဲခ မတောင်းပါဘူး။ ရောင်းဝယ် လိုလျှင် ဖုန်းနှင့် ဆက်သွယ်လို့ရပါတယ်။ ရောင်းရင်ပွဲခ နှစ် ရာ ခိုင်နှုန်း။ ဝယ်ရင်ပေးစရာမလိုပါ။ ငှားလျှင် တစ်လခ၊ စဘော် ဖြင့် ငှားလျှင် သုံးရာခိုင်နှုန်း ယူပါတယ်။ ကျွန်တော် ထင်တယ်လေ။ လမ်းဘေးပွဲစားတွေ ကတော့ သည်လိုမျိုး နည်းမယ်ထင်ပါတယ်။

အကျိုးဆောင်လုပ်ငန်းတစ်ခုမှ ပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ဆုံရာတွင် ဤသို့ ရေလည်စွာ ပြောပြပါသည်။

ကျွန်တော် တို့ဆီတွင် ပွဲစားဟု အသံကြားလိုက်ရလျှင် လန့်ဖျပ်သူတွေ မနည်း။ နှစ် မြို့ သူ နည်းသည်။ ဟိုယခင် မိဘဘိုးဘွားများ ခေတ်က ပွဲစားကြီးဟုဆိုလျှင် ဂုဏ်ထည်ခဲ့သည်။ နောက်ပိုင်းခေတ်များ တွင် အလိမ်အကောက် အရှုပ်အထွေးတွေ နှင့် ခုတ်မယ်ထစ်မယ် ပါးပါးလီးမယ်၊ ကြံရွယ်ချင်တွေ များ လာသည့်အခါ ပွဲစားနာမည် ပျက်လာပြန်သည်။

ယခုလာပြန်ပြီ။ အကျိုးဆောင်တဲ့။

“သူ့ခေတ်နှင့် တော့ သူတွင် ကျယ်” ဆိုသည့် မြို့ မငြိမ်းသီချင်း စာသားလေး

သတိရမိ၏ ။

အသိပွဲစား အမျိုး သမီးကြီး တစ်ဦးနှင့် တွေ့ဆုံရာ စကား စပ်မိပြန်သည်။

ငါ့မောင်ရယ်။ အစ်မတို့ကို လမ်းလျှောက်ပွဲစား ဆိုလို့ အထင်မသေးပါနှင့် ။ ရုံးခန်းနှင့် တယ်လီဖုန်းနှင့် လက်ခွဲဌာနတွေ အနယ်နယ်မှာ ဖွင့်လို့ အကြီးအကျယ်လုပ်နိုင်သူတွေ ရှိဖို့လိုသလို အစ်မတို့လို အစ်မတို့လို လမ်းလျှောက်ပွဲစားတွေ လည်း လိုတာပါပဲ။

ထုထည်ကြီးသမားတွေ လည်း သူ့ခြေရာနှင့် သူပေါ့။ ပုရွတ်ဆိတ်လည်း ကိုယ့်အထွာနှင့် ကိုယ်ပေါ့။ သွားပါများ ခရီးရောက်။ မေးပါများ စကားရဆိုတာ အစ်မတို့အတွက် လက်တွေ့ဆောင်ပုဒ်ပါပဲ။ လက်လုပ်လက်စားတွေ ၊ ဝန်ထမ်း တွေ ကျတော့ အိမ်၊ မြေ၊ ရောင်း ဝယ်ငှားကိစ္စတွေ ကို အကျိုး ဆောင်ကြေးတွေ နှင့် ဘယ်လုပ်နေနိုင်တော့မလဲ။ အစ်မတို့လို ရွာရိုးလျှောက် ပွဲစားတွေ နှင့် မှ ငါ့မောင်လည်း ဝါသနာပါတယ်ဆိုရင် လုပ်လို့ရပါတယ်။

"ဗုဒ္ဓေါ"

ပြောရင်း နှင့် ကိုယ်ဘက်လှည့်လာသည်။ မဂ္ဂဇင်းအယ်ဒီတာဘဝမှ နေ့ချင်းညချင်း မြေလျှောက်ဝိဇ္ဇာရာထူး လာပေးသူနှင့် တိုးနေ၏ ။

ဤသို့ ကိုယ်ရေး ကြုံလာရသည့်အခါ လာခေါ်သည့် ပွဲစားဆိုသူနှင့် လိုက်၊ နေရာလိုက်ကြည့်၊ တမေ့တမော ရပ်ကွက်တွင်း ဝင်ပါလှည့်ရသည့်အခါ လှည့်ရ၊ ငြီးစီး ခေါင်းနောက်ကာ လိုက်ကြည့်ရကျိုး မနပ်။

ရေမီးအစုံဟု သတင်းကြားနှင့် လာပြောသူကို ယုံစားပြီး လိုက်ကြည့်ပြန်၊ မီးပြတ်ရပ်ကွက်၊ ရေစက် လက်ဘုံတိုင်နှင့် တိုးရပြန်။

နေရာကျယ်ဝန်း၊ ပါဝါမီတာပါ ပါသတဲ့။ ပုံနှိပ်စက်သာမက ဘိုင်နင်း (စာအုပ်ချုပ်) လုပ်ငန်းတောင် လုပ်လို့ရသေးဆို၍ ဝမ်းသာအယ်လဲ လိုက်ကြည့်ပြန်။ ကွင်းပြင်ကြီးမှာ

စိတ်ကြိုက်ဆောက်ပါတဲ့။ လက်ညှိုးထိုးပြသူလည်း ရှိရဲ့ ။

ဤသို့ ဤသို့ ဖြင့် ကျွန်ုပ်တို့ ဗျာများ နေရရှာ ရင်မောဆဲ ကျွတ်စီကျွတ်စီနှင့် ဝဂ္ဂီထဲ ကြည့်လိုက်တော့ အတော် များများ ဖျက်ကြ ပြောင်းရွှေ့ကြ လုပ်နေကြပြီ။

“အို တစ်နှစ် လောက် ဒုက္ခခံရမှာ ပဲ။ နောက် တိုက်ပေါ်ပြန်တက်ရမှာ ပဲ။

အားတင်းသူလည်း ရှိ၏ ။

“အသိုက်အမြုံကို အမှိုက်တစ်ပုံလို ရွှေ့ရတာ လောက်စိတ်ပျက်တာ မရှိဘူး” ဟု သည်းသူလည်း ကြုံရ၏ ။

“နေရာလေးရှိ လက်တို့ပါ။ ထုံးစံအတိုင်းပေါ့” ဟု အားကိုးတကြီး အကူအညီ တောင်းသူလည်း ရှိ၏ ။

“ဘေးက အိမ်တွေ ဖျက်တော့ ကြွက်တွေ ကျွန်တော် တို့ အိမ်ထဲ စုပြုံ လာကြတယ်” ဟု ဆရာတစ်ဦးက လာပြော၏ ။ ဖျက်စ ရပ်ကွက်တည်း၌ အုပ်ခဲခွာသူ၊ အိမ်သာအုတ်ကို ရေဆေးသန့်ရှင်းပြီး ရောင် းစားသူ၊ ကောက်သင်းကောက်လုပ်ငန်းများ ကြုံ သလို လုပ်နေကြ သူများ ကိုလည်း တွေ့ရ၏ ။

အပီအပြင် အကျိုး ဆောင်လုပ်ငန်းနှင့် မဆက်မိခင် သတင်းကြားနှင့် ဟိုလိုက် သည့်လိုက်၊ ပြောတိုင်း မ ဖြစ်၊ ကပေါက်ထိ ကဘောက်ချာ ကြုံခဲ့ရသည်။

မြေလျှောက်ဝိဇ္ဇာပွဲစားဆိုသူများ ကြောင့် လူမှု ရေး တွေ လည်း ပျက်သုန်းသလို ဖြစ်လာ၏ ။

စိတ်ရင်းဖြင့် ကူညီသူကို ပွဲခ လိုချင်၍ ထင်လိုထင်။ ပွဲခ လိုချင်သူကို စိတ်ရင်းဖြင့် ကူညီသူ ထင်လိုထင်။ အားလုံးကပြောင်းကပြန်။ ဤတွင် အသားကျလာသော ယဉ်ကျေးမှု လိုလို ထုံးစံလိုလို လုပ်ရပ်လုပ်ငန်း လုပ်ဟန်တစ်ခုကို ပြုလာမိတော့၏ ။ နေရတကာ ရေပါမှ ဆိုလား၊ အတွေ့အကြုံက ရိုက်ပုတ် ပညာပေးနေ၏ ။

သုတပါ မက မုတလည်း ကြုံနေရသည်။ မုတ ကိုယ်တွေ့ကြောင့် လည်း၊ သုတ

အကြားအမြင် တိုးပွားရပြန်၏ ။

ဤသို့ ဖြင့် ကျွန်တော် သည် မြေနေရာကိစ္စ၊ အိမ်ကိစ္စ၊ အသိုက်အမြုံကိစ္စ၊ အပြောင်းအရွှေ့ကိစ္စ ကြုံလာရသည့်အခါ ဂွမ်းစတိန်းဘတ်ကိုလည်း သတိရ၏ ။ ပါးလ်အက်စ်ဘတ်ကိုလည်း သတိရ၏ ။ ကိုဖိုလုံး၊ ဘေ၊ ကိုဆေးရိုး၊ ဩြေ တို့ကို လည်း သတိရလာ၏ ။

လယ်သမားသားသမီးတစ်ဦး ဖြစ်သည့် ကျွန်တော် သည် ရွာပြန်ချင်လာ၏ ။ သို့ သော် လယ်မလုပ်တတ်တာက ခက်သည်။ ထို့ကြောင့် ကိုယ်အားကိုးရာ၊ ဝါသနာရှိရာ စာပေထဲ ပြန်အားတင်းရ၍ မျက်လုံးဝေ့ ဖြစ်ပြန်၏ ။ ထိုအခါ ရှေးမော့စ်ဟေနီ၏ ကဗျာတစ်ပုဒ်ကို တွေ့လာရသည်။လယ်သမားသားသမီး မိဘလက်ငုတ် လယ်မလုပ်တတ်။ ကိုယ့်ဝါသနာပါရာ ကလောင်ကိုပဲ လက်စွဲပြုရသော အ ဖြစ်။

"အာလူးမြေပွရဲ့ အေးမြရနံ့

စွတ်စိုမြေဆွေရဲ့ တကျိုကျို

တကျွတ်ကျွတ်သံ

သက်ရှိအမြစ်တို့ကြား အသွားတို့ တဗပ်

ဗပ်ဖြတ်သံ ငါ့ခေါင်းထဲနိုးလာကြ၊

ဒါပေမဲ့ သတို့ကို လူတွေ နောက်လိုက်ဖို့

ငါ့မှာ တူရွှင်းမရှိ။

ငါ့လက်ချောင်းနဲ့ ငါ့လက်မကြား

ပုကွကွ ဖောင်တိန်တည်နေ

ငါ ဒါနဲ့ တူးမယ် ...."

ဘယ်မျှအားရှိစရာ ကောင်းလိုက်ပါသလဲ။ ရှေးမော့စ်ဟေနီ၏ ကဗျာတွင်

အားတက်ဆဲ၊ ကျွန်ုပ်တို့ မြန်မာစာပေမှာ ကော သည့်သဘောမျိုး မရှိသလော။ ဘိုးဘွားလက်ထက်မှစ၍ လယ်ယာလုပ်သူ၊ ကလောင်ကိုင် စာဆိုများ ရှိခဲ့သည်ပဲ။ ဤအတွေးဖြင့် ရှာဖွေကြည့်သည့်အခါ .........

ဘိုးတော် ဘုရားလက်ထက် နေမျိုး ကျော်ထင်အမတ်၊ တောင်းပန်အပ်သည် ဖြစ်၍ ပထမ ဗားကရာဆရာတော် ကြီးသည် သက္ကတမှ ပါဠိဂါထာစီရင်၍ နိဿယပြန်ဆိုထားသည့် ၁၁၄၅ ခု ကဆုန်လပြည့်ကျော် တစ်ရက်ပြီး ကမ္ဘည်းမှတ်တမ်းဖြင့် “ဓမ္မနီတိ” ကို တွေ့လာရသည်။

“ပေပုရပိုက် စက္ကူစသည်တို့ကို လယ်ယာကဲ့သို့ ပြု၍ ကညစ်ကန့်ကူ ကလောင်တို့ကို ထွန်ပိုးထွန်တုံးကဲ့သို့ ပြု၍ သွားသော သူသည် ပညာရှိ ဖြစ်၏ ” တဲ့။

ဤအဆိုအမိန့်တို့ကို အားကိုးကာ အားတင်းပြီး မိမိကလောက်ကို ဝင့်လိုက်မည်ဟု အားခဲလိုက်သည့်အခါ တွင် တော့ ......

“ကိုယ့်မြေ ကိုယ့်ယာလေးနှင့် နေဖို့ အကြောင်းလေးတွေ ငါ့ကို ပြောပြပါဦး၊ ငါနားထောင်ချင်လို့” တဲ့။

အားနာလိုက်တာ လင်နီရယ်။ ။

*